ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (21-8-2011) (၆၅၁)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

စာတမ်းရှင် ၁၆ ဦးက စာတမ်း ၁၆ စောင်ကို ဖတ်ကြားတင်သွင်း

မိုးတစ်ကြိမ်နှစ်ကြိမ်

(၂၁-၈-၂၀၁၁)

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံ၏ စီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျင်းပလျက်ရှိသည့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဒုတိယနေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပသည်။

ယနေ့ (ဒုတိယနေ့) အစီအစဉ်များကို နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ဆက်လက် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များနှင့် စာတမ်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ စုံစုံညီညီတက်ရောက်ကြသည်။

စာတမ်းဖတ်ကြား

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် အပိုင်း(၂) နိုင်ငံတော်၏ စီးပွားရေး အခြေခံများကဏ္ဍတွင် သဘာပတိအဖြစ် သံအမတ်ကြီး (အငြိမ်းစား) ဦးကျော်တင့်ဆွေက ဆောင်ရွက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည့်စုံကောင်းမွန်သော စီးပွားရေးဝန်းကျင်ဖော်ဆောင်ရေးစာတမ်း၊ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ ဦးကြည်အေးက မြန်မာ့မီးရထား လက်ရှိအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆန်းစစ်သုံးသပ်ချက် စာတမ်းတို့ကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု သဘောတူဆွေးနွေးမှု လက်မှတ်ရေးထိုးပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်အားပေး

သဘောတူဆွေးနွေးမှု လက်မှတ်ရေးထိုးပွဲ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong တို့ Korea International Coorperation Agency (KOICA) အစီအစဉ်ဖြင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို နှစ်ဦးသဘောတူ ဆွေးနွေးမှု လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Kim Hae- Yong သည် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ICT နည်းပညာအသုံးပြု၍ အဆင့်မြင့်မော်လီကျူးနှင့် နိုင်ငံတကာဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်းခေါ်ယူခြင်း ကိစ္စရပ်များ၊ ကျွမ်းကျင်ပညာရှင်များ လာရောက်သင်တန်းပို့ချရန်ကိစ္စရပ်များနှင့် သင်တန်းသားများ ပညာသင်စေလွှတ်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ Korea International Coorperation Agency (KOICA) အစီအစဉ်ဖြင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို နှစ်ဦးသဘောတူဆွေးနွေးမှု လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝကဆေးပညာစာကြည့်တိုက်၏ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Hae-Yong နှင့်တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❋

The Mirror
၂၁-၈-၂၀၁၁
(တနင်္ဂနွေနေ့)

စီးပွားရေးလုပ်ငန်းများ လမ်းကြောင်းမှန်ဆီဦးတည်

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက်တွင် နေပြည်တော်၌ ကျင်းပရာ စီးပွားရေးပညာရှင်များ၊ အစိုးရဌာနများနှင့် ဘဏ်အသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက ကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အခြားအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး မိန့်ခွန်းပြောကြားရာတွင် **"မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာမှာ စီမံအုပ်ချုပ်မှုနဲ့ လုပ်ထုံးလုပ်နည်းတွေဟာ ပွင့်လင်းမြင်သာမှုရှိဖို့ အထူးအရေးကြီးပါတယ်။ စီးပွားရေးလုပ်ငန်းများ လမ်းကြောင်းမှန်မှ သွေဖည်မသွားစေနိုင်ရန်၊ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်တစ်ရပ် ပေါ်ပေါက်စေနိုင်ရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူမြန်ဆန်ရေးအတွက် နည်းလမ်းပေါင်းစုံကို အသုံးပြုနိုင်ရန်လိုအပ်သကဲ့သို့ ကြိုးနီစနစ်များကို လျှော့ချရန်လိုအပ်ပါတယ်"** ဟူ၍ပြောကြားသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်မြင်မှုသည် တစ်နည်းအားဖြင့် မက်ခရိုစီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်းကို ဆိုလိုသည်။ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုကို ယေဘုယျအားဖြင့် ထိုနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်နှင့် ပြောင်းလဲပုံအခြေအနေ၊ လုပ်သားအလုပ်အကိုင်နှင့် အခွင့်အလမ်း၊ ပြည်ပပို့ကုန်ထုတ်လုပ်မှုတန်ဖိုးများ ပြောင်းလဲမှုတို့ကို တိုင်းတာသုံးသပ်ကြသည်။

နိုင်ငံတိုင်းက မက်ခရိုစီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ လွတ်လပ်သောဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှုရရှိရေး၊ ပြည်ပကုန်သွယ်မှု လုံခြုံချောမွေ့စေရေး စသည့် ရည်မှန်းချက်များ ချမှတ်ပြီး ကြိုးပမ်းကြသည်။ ခေတ်အဆက်ဆက် မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများသည် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိရေးအတွက် နိုင်ငံတိုင်းက ဖြတ်သန်းလာကြရသည့် သမိုင်းကြောင်းတစ်ခုအဖြစ် တွေ့ရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို ဦးတည်ကြိုးပမ်းဖော်ဆောင်ရာတွင် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အဓိကဖြစ်သည်။ တစ်နိုင်ငံလုံး၏ စီးပွားရေးအဆောက်အအုံတစ်ခုလုံး ပြောင်းလဲတိုးတက်ရန် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒတို့ကို အခြေခံကျကျ သုံးသပ်ပြီး ပြုပြင်သင့်သည်တို့ကို လေ့လာပြုစုပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။

မက်ခရိုစီးပွားရေးနယ်ပယ်သည် ကျယ်ပြန့်သည်။ ယခု အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်အသီးသီးတို့၏ ရှုထောင့်အမျိုးမျိုးမှ ဆွေးနွေးချက်များ ပေါ်ထွက်လာနိုင်သည်။ မူဝါဒအဆင့်တွင် နိုင်ငံနှင့်ပြည်သူအများအတွက် ပိုမိုကောင်းမွန်သည့်အနေအထားကို ပေါင်းစပ်စဉ်းစားကြရပေမည်။ ဝိုင်းဝန်းဆွေးနွေး အကြံပေးသည့် ဖော်ထုတ်ချက်များမှသည် လက်တွေ့အကောင်အထည်ဖော်ရမည့် လုပ်ငန်းအစီအမံများချမှတ်ပြီး စီးပွားရေးလုပ်ငန်းများ လမ်းကြောင်းမှန်ဆီသို့ ဦးတည်ဆောင်ရွက်ရင်း မက်ခရိုစီးပွားရေးမူဝါဒကို မြှင့်တင်သွားနိုင်မည်ဟု သုံးသပ်လိုက်ရပေသည်။ ။

သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် အခြေခံရှေးဦးပြုပညာသင်တန်းဖွင့်

ရေစကြို ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပရိမ်သာကျေးရွာအုပ်စု အောက်အိုကျေးရွာ မူလတန်းကျောင်းခန်းမ၌ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် အခြေခံရှေးဦးပြုပညာသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၉ ရက်နံနက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယမြို့နယ်မှူး ရဲအုပ်မြင့်သိန်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေဝင်းတို့က သင်တန်းဖွင့်အမှာစကားပြောကြားကြသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် သင်တန်းသား ၄၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။

(၃၇၄)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၀-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၀၀၀	၀. ၀၃၃၅၆
တရုတ် (ယွမ်)	၆. ၃၉၂၅၀	၀. ၁၅၆၄၃
အိန္ဒိယ (ရူပီး)	၄၅. ၆၆၀၀	၀. ၀၂၁၉၀
မလေးရှား (ရင်းဂစ်)	၂. ၉၈၂၅၀	၀. ၃၃၅၂၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၀၀၀	၀. ၈၂၆၄၅
ဂျပန် (ယန်း)	၇၆. ၅၂၀၀	၀. ၀၁၃၀၇
တောင်ကိုရီးယား(ဝမ်)	၁၀၈၇. ၇၀	၀. ၀၀၀၉၂
ယူရို	၀. ၆၉၄၆၉	၁. ၄၃၉၅၀
ဗြိတိသျှ (ပေါင်)	၀. ၆၀၇၅၃	၁. ၆၄၆၀၀

အင်တာနက်။

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ကိုရီးယားသမ္မတနိုင်ငံမှ ဘုန်းတော်ကြီး VEN.MOKTAK တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၀

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ယမန်နေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် သာသနာရေးဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ကိုရီးယားသမ္မတနိုင်ငံမှ ဘုန်းတော်ကြီး VEN.MOKTAK လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပတ္တလားပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	သာဆန်းရဂုံဗွေ	(ပတ်ပျိုး)
(ခ)	ညာသပြေဘောင်	(ကြိုး)
(ဂ)	တောမြိုင်ခြေလမ်း	(ယိုးဒယား)
(ဃ)	ထောင်ရောင်နေကသာ	(သီချင်းခံ)
(င)	ပန်းမြိုင်လယ်	(ယိုးဒယား)
(စ)	ဟေဝန်စုံမြိုင်	(ပတ်ပျိုး)
(ဆ)	စုံသာမြိုင်လယ်	(သီချင်းခံ)
(ဇ)	ညင်းညင်း	(မွန်)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	ပန်းဟေဝန်	(ယိုးဒယား)
(ခ)	ဘုန်းမိုးသွန်းလောင်း	(သီချင်းခံ)
(ဂ)	စိန်ကြောင်နီလာ	(ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	ကန္တာတောခြေ	(ယိုးဒယား)
(ခ)	မှိုင်းရိပ်ကယ်တည့်	(ကြိုး)
(ဂ)	မှန်ရဝေ	(ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	သောင်းရွှေလယ်	(ယိုးဒယား)
(ခ)	မြန်ချာမြေကို	(ပတ်ပျိုး)
(ဂ)	ဝေဇယန်နှင့်နှုန်းငြား	(ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	မှန်ညောင်သဋ္ဌာ	(ဝတ်တော်ရုံဘွဲ့)
(ခ)	ဟေမန်ပွေဟန်	(ပတ်ပျိုး)
(ဂ)	ပြည်ပြည်မင်းပေါင်း	(သီချင်းခံ)

၆။ အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	သာယာ သာယာ	(ကြိုး)
(ခ)	သီဒါ သီဒါ မြသား	(ကြိုး)
(ဂ)	ဇေယျာမြို့	(ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေး

ကျိုက်ထို ဩဂုတ် ၂၀

ကျိုက်ထိုမြို့နယ် ပြည်သူ့ဈေးအတွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချသည့် အိုင်အိုဒင်းဆားများ အရည်အသွေးစစ်ဆေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ဦးစီးအရာရှိ ဒေါ်တင်တင်အေးနှင့် ဒုတိယဦးစီးမှူး ဦးခိုင်ဖြိုးတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာ့ရှုခင်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၄	၁။	နိုင်ငံတော်သီချင်း
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၀	၄။	**ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၆)**
၁၁း၄၀	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်ခါကကိုယ့်ချစ်သူ**
၁၂း၃၀	၆။	ကျန်းမာသုတ
၁၂း၄၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၉)**

ညပိုင်း

၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၀၃	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	ပညာပေးဇာတ်လမ်းတို -ဇွတ်မပိုက်နဲ့ဝင်္ဂလိုက်မယ်
၄း၃၀	၆။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄း၄၅	၇။	မြန်မာ့ရှုခင်း
၅း၀၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၉။	ဒိဗိုင်နာတို့ရဲ့ဒိဗိုင်း
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၂။	ဘဝကြေးမုံ -အလှ = ဘဝ (မိုခမ်း၊ မိုးထက်ပိုင်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀	၁၃။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၄။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၄၁)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	ယနေ့ရန်ကုန်မြင်ကွင်းစုံ
	၂၀။	ပဟေဠိနန်းတော်
	၂၁။	ကျန်းမာသုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၃။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၄၆)**
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၇၅)**

ဩဂုတ် ၁၁ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင် လေမှုတ်စက်ရုံ မဟာဗန္ဓုလလမ်း အရာရှိအိမ်ရာနေ ဦးသန်းထိုက်နှင့် သားများက ကွယ်လွန်သူ ဒေါက်တာဒေါ်ခိုင်စိုးမြင့် နှစ်လပြည့်အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ဆွမ်းတစ်နေ့တာအတွက် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အိန္ဒိယသမ္မတနိုင်ငံ Power Grid Corporation of India Limited မှ Additional General Manager (International Business), Mr. Anil Mehra ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အိန္ဒိယဧည့်သည်အဖွဲ့နှင့် တရုတ်ဧည့်သည်အဖွဲ့တို့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အိန္ဒိယသမ္မတနိုင်ငံ Power Grid Corporation of India Limited မှ Additional General Manager (International Business), Mr. Anil Mehra ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီတွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Electric Power Equipment and Technology Company Limited (CET) ၏ Director of International Department Mr. Yu Nai Chun နှင့် Central China Power Grid International Economic and Trade Limited (CCPG) ၏ Vice President Mr. Duan Daxi တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

အိန္ဒိယဧည့်သည်အဖွဲ့နှင့် တွေ့ဆုံရာတွင် အိန္ဒိယချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းနှင့် ပတ်သက်၍ လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့နှင့် တွေ့ဆုံရာတွင် လျှပ်စစ်စွမ်းအားကဏ္ဍ၌ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ရေတော်မိုးတော်မိုးစပါးထွန်တုံးပိတ်ပွဲ တက်ရောက် ဟင်္သာတခရိုင်အတွင်း တာတမံများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ အမှတ် (၇)ရပ်ကွက်ရှိ ပိုလန်ဆိပ်ခံတံတားကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေ ၆ နာရီ မိနစ် ၂၀ တွင် ကြံခင်းမြို့နယ် ဘက်ရဲ-ဟင်္သာတလမ်းဆုံ၌ ရေကြီးနစ်မြုပ်သော လယ်ယာမြေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုသိမ်-မုံရွာလမ်းမပေါ်ရှိ ဗွက်ကျေးရွာအုပ်စုအနီးရှိ ဆည်မြောင်းကုန်းတံတား အင်္ဂပူမြို့ (66/ 11 KV) ဓာတ်အားခွဲရုံအတွင်း အသစ်လဲလှယ်တပ်ဆင်ထားသော (11KV Switch Gear Panel) ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် အင်္ဂပူမြို့အဝင်၌ ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ခုနှစ် ရေတော်မိုးတော်မိုးစပါးထွန်တုံးပိတ်ပွဲနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကောက်စိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ကောက်စိုက်သမများ၏ ကောက်စိုက်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ငါးမျိုးများထည့်သွင်းပေးကာ စက်မှုလယ်ယာဦးစီးဌာနမှ ပြသထားသော လယ်ယာသုံးစက်ကိရိယာများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသော အထွက်ကောင်း မျိုးကောင်းမျိုးသန့်စပါးများ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးဆေးပစ္စည်းများနှင့် ကုမ္ပဏီများမှ ပြသထားသော စိုက်ပျိုးရေးသုံးပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းဆေးများနှင့် လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အင်္ဂပူမြို့နယ် အောက်ရွာကြီးကျေးရွာရှိ ဦးကံမြင့်၏ မြင့်ရတနာဆန်စက်အမှတ်(၂)၌ စပါးအခြောက်ခံစက်အသုံးပြု၍ စပါးအခြောက်ခံယူနေမှုနှင့် စပါးခွဲလောင်စာနှင့် ဂက်(စ်)ငွေ့အသုံးပြုပြီး စပါးအခြောက်ခံစက် အသုံးပြုနေမှုတို့ကို ကြည့်ရှုသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ခုနှစ် ရေတော်မိုးတော်မိုးစပါးထွန်တုံးပိတ်ပွဲနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပထမဆုရ ဟင်္သာတခရိုင် ကောက်စိုက်လုံမေအဖွဲ့အား ဂုဏ်ပြုဆုဖလားနှင့် ဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညနေပိုင်းတွင် အင်္ဂပူမြို့ အမှတ်(၁)ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး အင်္ဂပူမြို့နယ် စာကြည့်တိုက်၌ e-Library အသုံးပြုဆောင်ရွက်နေမှု၊ စာအုပ်များ စုဆောင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကော့ကရိတ်မြို့နယ် တတန်ကူးကျေးရွာအုပ်စုမှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

ရန်ကုန် ဩဂုတ် ၂၀

ကော့ကရိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းတို့သည် ဩဂုတ် ၁၇ ရက်တွင် ကော့ကရိတ်မြို့နယ် တတန်ကူးကျေးရွာအုပ်စုမှ ပြည်သူ ၁၂၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပြီး ကျေးရွာပြည်သူများအား ဖြေလျှော့နည်းဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးနည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြသည်။ (သတင်းစဉ်)

အထက(၁)စမ်းချောင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက "အထက(၁)စမ်းချောင်း" ကျောင်းသီချင်းကို သီဆိုကြပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် စမ်းချောင်းမြို့နယ် လက်ထောက်ပညာရေးမှူး ဦးဇော်ဇော်အိ၊ ကျောင်းအုပ်ကြီး ဒေါက်တာစန္ဒာမြငြိမ်းနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး တက္ကသိုလ်ဝင်စာမေးပွဲနှင့် အတန်းလိုက်အဆင့် (၁)မှ (၁၀)အတွင်း ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများ၊ ထူးချွန်အောင် သင်ကြားပေးသော ဆရာမများနှင့် ရက်ပျက်မရှိ ကျောင်းတက်မှန်သော ဆရာမများအား ဆုများချီးမြှင့်ကြသည်။

(သတင်းစဉ်)

ကော့ကရိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းတို့ တတန်ကူးကျေးရွာအုပ်စုမှ ပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးနည်းလမ်းများ ရှင်းလင်းစဉ်။

(သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာစန္ဒာမြငြိမ်း တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးရရှိသော မောင်ရန်ငြိမ်းကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ဓမ္မသုခတိုက်မှန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တွဲဖက်အတွင်းရေးမှူး(၁) ဦးပေါ်များက အခမ်းအနားကျင်းပခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဦးသိန်းအောင်က စုပေါင်းလှူဒါန်းပွဲဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်ချက်များကို တင်ပြကာ မတည်အလှူရှင် ဦးနွေးအောင်-ဒေါ်တင်ဝိုင်း (ဂျုံးမင်းသက်န်းတိုက်)နှင့် အသင်းသူ၊ အသင်းသားများက အသင်း၏ ဩဝါဒါစရိယ ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြသည်။

(ကြေးမုံ)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရုံးခန်းမ၌ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ သတ္တမအကြိမ်မြောက် စာပေဟောပြောပွဲနှင့် ရေးသူ ဖတ်သူဆွေးနွေးပွဲကို ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက ကျင်းပရာ စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က စာပေအနုပညာအကြောင်း ဟောပြောစဉ်။

(ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အစ္စရေးနှင့် ပါလက်စတိုင်းပဋိပက္ခအရှိန်မြင့်လာမှု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် စိုးရိမ်မကင်းဖြစ်

နယူးယောက် ဩဂုတ် ၂၀

အစ္စရေးနိုင်ငံတောင်ပိုင်း အီလက်ပင်လယ်နီအပန်းဖြေဆိပ်ကမ်းမြို့ မြောက်ဘက်၌ ဩဂုတ် ၁၈ ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် အစ္စရေးနိုင်ငံသားရှစ်ဦး သေဆုံးခဲ့ရပြီးနောက် အစ္စရေးနှင့် ပါလက်စတိုင်းပဋိပက္ခအရှိန် ပိုမြင့်လာသည့်အရေးကို ကုလသမဂ္ဂက စိုးရိမ်ပူပန်နေကြောင်း ဩဂုတ် ၁၉ ရက် သတင်းများတွင် ဖော်ပြသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ပဋိပက္ခမှာ အရှိန်ပိုမိုမြင့်တက်လာခြင်းကြောင့် နှစ်ဖက်လုံး အနေဖြင့် အခြေအနေကို ထိန်းထိန်းသိမ်းသိမ်းကိုင်တွယ်ဖြေရှင်းကြရန် ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တောင်းဆိုခဲ့ကြောင်း သိရသည်။

စက်တင်ဘာလတွင်ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ လွတ်လပ်သော နိုင်ငံ တစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံခွင့်ရရေး ကြိုးပမ်းနေသော ပါလက်စတိုင်းနှင့် အစ္စရေးနိုင်ငံတို့အကြား သံတမန်ရေးရာတင်းမာမှုများ တိုးမြင့်ဖြစ်ပေါ်နေချိန်တွင် အစ္စရေးနိုင်ငံတောင်ပိုင်း၌ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံတောင်ပိုင်းတွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများအား ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံတောင်ပိုင်း၌ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုသုံးခုကြောင့် အစ္စရေး နိုင်ငံသား ရှစ်ဦး သေဆုံးခဲ့ရပြီးနောက် အစ္စရေး-ပါလက်စတိုင်းနယ်စပ်၌ ပဋိပက္ခအရှိန်မြင့် တက်ခဲ့ရာ အစ္စရေးစစ်လေယာဉ်များက ဩဂုတ် ၁၉ ရက်တွင် ဂါဇာကမ်းမြောင်ဒေသ အတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဂါဇာဒေသမှ ပါလက်စတိုင်းစစ်သွေးကြွများကလည်း အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြသည်။

အင်တာနက်။

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းကို အစ္စရေးက လေကြောင်းမှတိုက်ခိုက်ခဲ့ပြီးနောက် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဟင်းအိုးထဲရောက်မည့် ကျောက်ပုစွန် ကံကောင်း၍ အဏ္ဏဝါပြတိုက် အပို့ခံရ

နယူးယောက် ဩဂုတ် ၂၀

မကြုံစဖူးကြီးမားလှသည့် ကျောက်ပုစွန်ကြီးတစ်ကောင်သည် ဟင်းအိုးထဲရောက်ခါနီး ကံကောင်းထောက်မစွာဖြင့် အသက်ဘေးလွတ်ရာ နယူးယောက်မြို့တော် အဏ္ဏဝါပြတိုက်သို့ ပို့ဆောင်ခံခဲ့ရကြောင်း ဩဂုတ် ၁၉ ရက် သတင်းများတွင် ဖော်ပြသည်။

ညစာအတွက် အကောင်ကြီးလွန်းသည်ဟူသော ပင်လယ်စာထုတ်လုပ်ရေး ကုမ္ပဏီဝန်ထမ်းတစ်ဦး၏ ဆုံးဖြတ်ချက်ကြောင့် ဟင်းအိုးထဲရောက်မည့်ဘေးမှ ဝေးခဲ့ရသည့် အခွံမာရေနေသတ္တဝါအမျိုးအစား ကျောက်ပုစွန်ကြီးသည် နယူးယောက်အဏ္ဏဝါပြတိုက်သို့ ယခုသီတင်းပတ်အတွင်း ရောက်ရှိမည်ဖြစ်သည်။

ယင်းရောမကျောက်ပုစွန်ကြီးကို ကနေဒါနိုင်ငံ ကမ်းရိုးတန်းကမ်းလွန်၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့အခြေစိုက် နယူးအင်္ဂလန် ကျောက်ပုစွန်ကုမ္ပဏီသို့ပေးပို့ခဲ့သော နှစ်တန်အလေးချိန်ရှိ ပင်လယ်သတ္တဝါများထဲ၌ ပါလာခြင်းဖြစ်သည်။

အဆိုပါကျောက်ပုစွန်ကြီးသည် အလေးချိန်အားဖြင့် ၁၈ ပေါင်ရှိပြီး ၇၅ နှစ်မျှ သက်တမ်းအိုမင်းနေပြီဖြစ်ရာ ၎င်း၏ အသက်ကို ကယ်တင်ရန်အတွက် နယူးအင်္ဂလန်ပင်လယ်စာ ကုမ္ပဏီစာရင်းကိုင်တစ်ဦးက လုပ်ဆောင်ပေးနိုင်ခဲ့သည်။

စားသုံးသူဖောက်သည် အတော်များများသည် ယင်း ကျောက်ပုစွန်ကြီးအား စားသောက်ရန် မျက်စောင်းထိုးခဲ့ကြသော်လည်း ၎င်းကို ချက်ပြုတ်နိုင်လောက်အောင် ကြီးမားသော ဟင်းအိုးမရှိခြင်းကြောင့် အထမမြောက်ခဲ့ကြောင်း နယူးအင်္ဂလန် ပင်လယ်စာကုမ္ပဏီက ပြောကြားခဲ့သည်။ **အင်တာနက်။**

ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ များတွင် တောင်ဆူဒန်တပ်ဖွဲ့ဝင်များ ပါဝင်လို

ဂျူဘား ဩဂုတ် ၂၀

ကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂတို့၏ ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများ၌ မိမိတို့တပ်ဖွဲ့ဝင်များက တစ်တပ်တစ်အား ပါဝင်လိုကြောင်း တောင်ဆူဒန်နိုင်ငံစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူ တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဩဂုတ် ၁၉ ရက် သတင်းများတွင်ဖော်ပြသည်။

လွတ်လပ်သောနိုင်ငံတစ်နိုင်ငံ၏ တရားဝင်တပ်မတော် အဖြစ် အသွင်ပြောင်းရပ်တည်နိုင်ခဲ့ပြီးနောက်ပိုင်း ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများအတွက် မည်သည့်ဒေသသို့ စေလွှတ်သည်ဖြစ်စေ တောင်ဆူဒန်တပ်ဖွဲ့များက သွားရောက်တာဝန် ထမ်းရန် အသင့်ရှိကြောင်း တောင်ဆူဒန်တပ်မတော် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ကုလသမဂ္ဂသည် ကမ္ဘာတစ်ဝန်းလုံး၌ ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အာဖရိကသမဂ္ဂ(အေယူ)က မြောက်ဆူဒန်နိုင်ငံ ဒါဖာမြို့ ပတ်ဝန်းကျင်ဒေသများနှင့် ဆိုမာလီယာနိုင်ငံတို့၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တရားဥပဒေစိုးမိုးမှုပျက်ပြား၍ ဘေးအန္တရာယ်များပြားလှသော ဆိုမာလီယာနိုင်ငံတွင် အာဖရိကတိုက် နိုင်ငံအနည်းငယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော အာဖရိကသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ၉၀၀၀ တို့ တာဝန်ထမ်းဆောင်လျက်ရှိသည်။

သို့ရာတွင် ဆိုမာလီယာနိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးမှာ ချက်ချင်းလက်ငင်းဖြစ်နိုင်ဖွယ်မရှိကြောင်း တောင်ဆူဒန်တပ်မတော်က ပြောကြားခဲ့သည်။

တောင်ဆူဒန်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလအတွင်းက လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်ရန် မဲခွဲဆုံးဖြတ်ခဲ့ပြီး ဇူလိုင် ၉ ရက်တွင် ကမ္ဘာ့မိသားစုဝင်နိုင်ငံသစ် တစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ **အင်တာနက်။**

ကမ္ဘာနှင့် ဂြိုဟ်သိမ် ဝင်ဆောင့်မှု ကာကွယ်မည့်စီမံချက် တရုတ်သိပ္ပံပညာရှင်များ ထုတ်ဖော်

ပေကျင်း ဩဂုတ် ၂၀

၂၀၃၆ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ဂြိုဟ်သိမ် တစ်စင်းနှင့် ဝင်ဆောင့်မည့်အရေးမှ ကမ္ဘာကြီးအား ကယ်တင်နိုင်ရန် တရုတ်သိပ္ပံပညာရှင်များက စီမံကိန်းရေးဆွဲထားကြောင်း ဩဂုတ် ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာမြေကြီးနှင့် အပိုးဖစ်(Apophis)အမည်ရှိ ဂြိုဟ်သိမ်တို့ ဝင်တိုက်မည့်အရေးကို ကာကွယ်ရန်အတွက် နေရောင်ခြည် စွမ်းအင်သုံး အာကာသယာဉ်တစ်စင်း အသုံးပြုရန် ပေကျင်းမြို့ စင်ဟွာတက္ကသိုလ်မှ တရုတ်နက္ခတ္တဗေဒ သိပ္ပံပညာရှင်များက အဆိုပြုခဲ့ကြသည်။

ကမ္ဘာနှင့်ဝင်ဆောင့်မှုကို ကာကွယ်ရန်အတွက် အပိုးဖစ် ဂြိုဟ်သိမ်ကို တစ်နာရီလျှင် မိုင် ၂၀၀၀၀၀ အရှိန်နှုန်းဖြင့် ဝင်တိုက်ပြီး ဂြိုဟ်သိမ်၏ လားရာလမ်းကြောင်းအား ပြောင်းလဲပေးနိုင်မည့် အာကာသယာဉ်တစ်စင်း တည်ဆောက်ကာ ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်၍ ကမ္ဘာနှင့် ဂြိုဟ်သိမ်ဝင်တိုက်မှုကို ကာကွယ်နိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

အချင်း မီတာ ၈၈၀ ရှိပြီး အလေးချိန်တန်ပေါင်း သန်း ၄၀ မျှရှိသည့် အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာမြေနှင့် မိုင် ၂၃၀၀၀ အကွာမှ ဖြတ်သန်းမည်ဖြစ်သည်။

ယင်းဂြိုဟ်သိမ်သည် ၂၀၃၆ ခုနှစ်တွင် ကမ္ဘာမြေအနီးမှ ထပ်မံဖြတ်သန်းမည်ဖြစ်ပြီး ၂၀၂၉ ခုနှစ်က ဖြတ်သန်းခဲ့သည့် အကွာအဝေးထက် ပိုမိုနီးလာမည်ဖြစ်သည်။

သို့ရာတွင် အပိုးဖစ်ဂြိုဟ်သိမ် ၂၀၃၆ ခုနှစ်၌ ကမ္ဘာမြေ အနီးမှ ဖြတ်ပျံချိန်တွင် ကမ္ဘာနှင့်ဝင်တိုက်နိုင်မည့် အလားအလာ မရှိကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီ (နာဆာ)က ပြောကြားသည်။

အင်တာနက်။

ဆိုင်းနိုင်းကျွန်းဆွယ် ဒေသ၌ နယ်စပ် လုံခြုံရေး အတွက် ကင်းလှည့် တာဝန် ထမ်းဆောင်နေသော အီဂျစ်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအတွင်း အီဂျစ်တပ်ဖွဲ့ဝင်များသေဆုံးခဲ့၍ အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကို အီဂျစ်အစိုးရ ပြန်လည်ခေါ်ယူ

ကိုင်ရို ဩဂုတ် ၂၀

ပါလက်စတိုင်းစစ်သွေးကြွများနှင့် အစ္စရေးတပ်ဖွဲ့များအကြား ဖြစ်ပွားခဲ့သော တိုက်ပွဲတစ်ခုအတွင်း အီဂျစ်တပ်ဖွဲ့ဝင် အနည်းဆုံးသုံးဦး သေဆုံးခဲ့ရခြင်းကို ကန့်ကွက်သည့်အနေဖြင့် အစ္စရေးနိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးအား ပြန်လည်ခေါ်ယူမည် ဖြစ်ကြောင်း အီဂျစ်နိုင်ငံက စနေနေ့တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးအား ပြန်လည်ခေါ်ယူမည့် ဆုံးဖြတ်ချက်ကြောင့် အိမ်နီးချင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာမှုမြင့်တက်လာခဲ့ရပြီး အီဂျစ်နှင့် အစ္စရေး အကြားချုပ်ဆိုခဲ့သော ၁၉၇၉ ခုနှစ် ငြိမ်းချမ်းရေးစာချုပ်၏ ရှေ့ရေးမှာ အီဂျစ်နိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများကြောင့် မှန်းဆရမလွယ်သည့် အခြေအနေသို့ ရောက်ရှိလျက်ရှိသည်။

ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ၌ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြင့် အစ္စရေးနိုင်ငံသည် ၁၉၇၉ ခုနှစ် ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို ဖောက်ဖျက်ခဲ့ကြောင်း အီဂျစ်ကြားဖြတ်အစိုးရ အဖွဲ့က စွပ်စွဲပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံ၏တိုက်ခိုက်မှုကြောင့် အီဂျစ်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရသည့်အတွက် ဝန်ချတောင်းပန်မှုပြုရန် အီဂျစ်နိုင်ငံ အစိုးရက တောင်းဆိုခဲ့ပြီး ယင်းပြဿနာနှင့်ပတ်သက်၍ အစ္စရေးနိုင်ငံက စုံစမ်းစစ်ဆေးပြီးသည့်တိုင် သံအဖွဲ့ကို ရုပ်သိမ်းထားမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ၌ အစ္စရေးနိုင်ငံက လုပ်ဆောင်ခဲ့သော တိုက်ခိုက်မှုကို အီဂျစ်နိုင်ငံရေးပါတီ အများအပြားက ရှုတ်ချခဲ့ကြပြီး ယင်းကျွန်းဆွယ်ဒေသ၌ အီဂျစ်တပ်ဖွဲ့ဝင် အရေအတွက် ပိုမိုဖြန့်ကြက်နိုင်ရေးအတွက် ၁၉၇၉ ခုနှစ် ငြိမ်းချမ်းရေးစာချုပ်အား အပြောင်းအလဲပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။

အီဂျစ်နိုင်ငံသည် အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေးစာချုပ်ကို ပထမဆုံးချုပ်ဆိုခဲ့သော အာရပ်နိုင်ငံဖြစ်သည်။

အင်တာနက်။

ကရာချိမြို့ လုံခြုံရေးတာဝန် စစ်ဘက်က ရယူဖွယ်ရှိ

ကရာချိ ဩဂုတ် ၂၀

ပြီးခဲ့သည့် သုံးရက်တာကာလအတွင်း ဂိုဏ်းဂဏနှင့် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှုများကြောင့် အနည်းဆုံး လူ ၆၅ဦး သေဆုံးခဲ့ရပြီးနောက် ကရာချိမြို့တော် စီးပွားရေးဇုန်အတွင်း စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ပေးရန် စီးပွားရေး လုပ်ငန်းအုပ်စုများက ပါကစ္စတန်အစိုးရကို ဖိအားပေးလျက်ရှိကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်၏ အကြီးဆုံးမြို့ဖြစ်သော ကရာချိမြို့၌ ဥပဒေရှိသော်လည်း အမိန့်အာဏာသက်ဝင်မှုမရှိကြောင်း ပါကစ္စတန် စီးပွားရေးနှင့် စက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်ရဲတပ်ဖွဲ့အနေဖြင့် ကရာချိမြို့တော်အတွင်း တရားဥပဒေစိုးမိုးမှုရှိရန် လုပ်ဆောင်နိုင်ခြင်းမရှိသောကြောင့် ကရာချိမြို့တော်သူ၊ မြို့တော်သားများ၏ ကျီးလန့်စာစားဘဝအား အဆုံးသတ်နိုင်ရန် ပါကစ္စတန်စစ်ဘက်က လုံခြုံရေးတာဝန် လွှဲပြောင်းရယူရန် လိုအပ်နေပြီဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

ပါကစ္စတန်စစ်ဘက်က ကရာချိမြို့၌ လုပ်ဆောင်နိုင်ဖွယ်ရှိသည့် လုံခြုံရေးစီမံချက်များအား ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း အစိုးရအဖွဲ့၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကရာချိမြို့ရှိ နိုင်ငံရေးပါတီများသည် လူမျိုးစုဝင်များနှင့် လမ်းလူမိုက်များအား ဂိုဏ်းကွဲဂဏကွဲ တိုက်ပွဲများအတွင်း လက်ကသုံးတောင်ဝှေးအဖြစ် အသုံးပြုတတ်ကြသည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်းက လူမျိုးရေးနှင့် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှုများကြောင့် ကရာချိမြို့၌ လူ ၃၀၀ ကျော် သေဆုံးခဲ့ရခြင်းအပေါ် စိုးရိမ်မကင်းဖြစ်ရကြောင်း ပထမဆုံး အကြိမ်အဖြစ် ပါကစ္စတန်စစ်ဘက်က ယခုလအတွင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **အင်တာနက်။**

နိုင်ငံခြားရေး ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သီရိလင်္ကာနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ နီယိုမယ်လ် ပရဲရား၏ ဖိတ်ကြားချက်အရ သီရိလင်္ကာနိုင်ငံသို့ ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ တရားဝင် ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် သီရိလင်္ကာ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျီအယ်လ် ပီးရစ်အား ၎င်း၏ ရုံးခန်းသို့ သွားရောက်၍ ဂါရဝပြု တွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ညနေ ၆ နာရီတွင် ဒုတိယဝန်ကြီးသည် သီရိလင်္ကာ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ နီယိုမယ်လ် ပရဲရားနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ကိစ္စရပ်များကို ဆွေးနွေးပြီး နိုင်ငံတကာ နယ်ပယ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။ နှစ်နိုင်ငံ ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီး မစ္စတာ နီယိုမယ်လ် ပရဲရားက ဂေါလ်ဖေ့စ် ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် အနုရာဓပူရရှိ မဟာဗောဓိပင်ကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မြန်မာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြသည်။ ထို့နောက် အနောက်ဗဟို ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် မစ္စတာ ဘာတီ၊ ပရီမာလဲလ်၊ ဒစ်(ဇ)နာယာကေအား တွေ့ဆုံနှုတ်ဆက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ဩဂုတ် ၁၇ ရက်နံနက်ပိုင်းတွင် ကန္ဒီမြို့ရှိ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ဗုဒ္ဓဘာသာပြတိုက်သို့ သွားရောက်လေ့လာကြပြီး ပြတိုက်တွင် မြန်မာနိုင်ငံက ပါဝင်ပြသလျက်ရှိသည့် ပြခန်းကို ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ကိုလံဘိုမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်၌ မြန်မာသံရုံး သံရုံးယာယီတာဝန်ခံ၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံပြီး ကိုလံဘိုမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ရန်ကုန်မြို့သို့ ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ နီယိုမယ်လ် ပရဲရားနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၈-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၆း၃၀	MRTV-4 သတင်း
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၂)**
၇း၃၀	FIFA U-20 WORLD CUP COLOMBIA 2011 (Brazil Vs Portugal) (LIVE)
၉း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၄၃)**
၁၀း၃၅	Sunday Talk [မောင်လူမွေး(မြန်မာ့မှု)၊ မျိုးမြတ်သူ]
၁၁း၁၀	Activities In The City
၁၁း၄၅	ဗီဒီယိုပြခန်း
၁၂း၀၅	အရည်အသွေးတို့၏ပုံရိပ်များ
၁၂း၃၀	ကြည်နူးမှုန်းမျှော် မြတ်ရှင်မော်. . .
၁း၀၀	"တရားဦးဓမ္မစကြာ" တရားတော် (အပိုင်း-၃) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၃၀	Kid's Show
၄း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၄၃)**
၅း၁၅	(၁၂)ခုမြောက် EUSHIDO ကောင်တာဖွင့်ပွဲနှင့် မိုးရာသီ အထူးဈေးရောင်းပွဲတော်
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	ပန်းပျိုးလက်ရဲ့ငွေကြယ်ပွင့်
၆း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၃)**
၇း၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၈း၀၀	MRTV-4 သတင်း
၈း၃၀	A Journey to the Korea (Part-2)
၈း၄၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ
၉း၀၀	သွားမယ်စားမယ်
၉း၂၅	Barclays Premier League (Bolton Vs Man City)
၁၁း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၄၄)**
၁၂း၂၅	ဟိုတယ်လမ်းညွှန်
၁၂း၄၅	SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
၁း၀၀	Celebrity Profile
၁း၄၅	ကျန်းမာသန့်ထွား ဉာဏ်မြင့်မား (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဝွမ်းပုံ)
၁း၅၅	ကိုယ်ပိုင်ဟန်ဖက်ရှင်
၂း၁၅	အရည်အသွေးမြင့်တင် ဈေးကွက်ဝင် ရော်ဘာစိုက်ပျိုး ဝင်ငွေတိုး
၂း၃၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၂း၅၅	ကန္ဒရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာဆီသို့. . .
၃း၀၅	လှပသစ်ဆန်းအလှပြင်ခန်း
၃း၂၅	စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
၃း၅၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၄း၁၅	ဖွံ့ဖြိုးသာယာကောလင်းမြေမှာ
၄း၃၅	အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
၄း၄၅	ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော်
၅း၀၀	အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆း၅၅	Norwich	-	Stoke City	ESPN (Live)
၇း၃၀	Wolverhampton	-	Fulham	STAR SPORTS (Live)
၉း၂၅	Bolton	-	Man City	ESPN (Live)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်မှု ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် အတွင်းရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ အောင်မေတ္တာ(၁)လမ်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အသိပညာပေးဟောပြောနေမှု၊ အောင်သစ္စာလမ်း ရေနုတ်မြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားဖြင့် တူးဖော်ရှင်းလင်းဆောင်ရွက်နေမှုနှင့် ကမာရွတ်ချောင်း ရေစီးရေလာ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းကို ဗဟန်း၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ ကမာရွတ်၊ ဗိုလ်တထောင်နှင့် တောင်ဥက္ကလာပမြို့နယ်တို့တွင် တစ်ပြိုင်တည်း ဆောင်ရွက်ကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန်သည် တွံတေးမြို့နယ်ရှိ ရန်ကုန်ပေါက် ရေပေးဝေရေးစခန်း၌ ရေဂါလန် တစ်သိန်းဆံ့ ရေစုကန်သစ် တည်ဆောက်ရန် ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် ရေတွန်းစက် မော်တာပန့်မှ ဒလမြို့နယ် ရေပေးဝေရေးစခန်းသို့ သောက်သုံးရေဖြည့်တင်းပေးရန် တွန်းပို့ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရန်ကုန်ပေါက် ရေပေးဝေရေးစခန်းမှ ဒလမြို့နယ်ရှိ ရပ်ကွက်များ သောက်သုံးရေဖူလုံစွာရရှိရန် တစ်ရက်လျှင် ရေဂါလန် ရှစ်သိန်းကျော် ပေးပို့လျက်ရှိသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်သည် တွံတေးမြို့နယ်၊ ရန်ကုန်ပေါက်ကျိုက်သက်ဒေသ ရေနက်ကွင်း ငါးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် လှိုင်မြို့နယ် အောင်မေတ္တာ (၁) လမ်း၌ သွေးလွန်တုပ် ကွေး ရော ဂါ ကာ ကွယ် တား ဆီး ရေး လုပ် ငန်း များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(မြို့တော်စည်ပင်)

မကြာမီ ဖြန့်ချိပြသမည့် နီကိုလက်စ်ကေ့ဂျ်၏ Trespass ဇာတ်ကား

အောဝမ်းစိုး

နာမည်ကျော် ဟောလိဝုဒ်မင်းသား နီကိုလက်စ်ကေ့ဂျ်နှင့် ဟောလိဝုဒ် ငွေကြယ်ပွင့် မင်းသမီးချော နီကိုးလ်ကစ်မန်းတို့ ခေါင်းဆောင်ပါဝင်လှုပ်ရှားထားသည့် Trespass အက်ရှင်ဇာတ်ကား မကြာမီ ဖြန့်ချိပြသမည်ဖြစ်သည်။

ဤဇာတ်ကားကို Twelve, Phone Booth, Blood Creek နှင့် Tigerland ဇာတ်ကားများဖြင့် နာမည်ကျော်ကြားခဲ့သူ ဒါရိုက်တာ ဂျိုးလ်ရှုမက်ချာက ရိုက်ကူးတင်ဆက်ထားပြီး ဂျိုးလ်သည် Batman Forever ဇာတ်ကားနှင့် Batman & Robin ဇာတ်ကားများကိုလည်း ရိုက်ကူးခဲ့သူဖြစ်သည်။

ဤဇာတ်ကားတွင် မင်းသား နီကိုလက်စ်ကေ့ဂျ်က ကာလီ၊ မင်းသမီးနီကိုးလ်ကစ်မန်းက ဆာရာအဖြစ် သရုပ်ဆောင်ထားပြီး ၎င်းတို့ဇနီးမောင်နှံတွင် ဆယ်ကျော်သက်အရွယ် သမီးတစ်ဦးရှိသည်။ ၎င်းတို့ဇနီးမောင်နှံကို လူဆိုးဂိုဏ်းတစ်ဂိုဏ်းက ဓားစာခံအဖြစ် ဖြန်ပေးဆွဲပြီး ကာလီလျှို့ဝှက်သိမ်းဆည်းထားသော တန်ဖိုးရှိသည့်အရာကို တောင်းဆိုရာ ဇနီးမောင်နှံက ပြန်လည်ခုခံတိုက်ခိုက်ပုံအကြောင်း ရိုက်ကူးတင်ပြထားသည်။



မကြာမီ ဖြန့်ချိပြသမည့် Trespass ဇာတ်ကားတွင် အဓိကဇာတ်ဆောင်အဖြစ် သရုပ်ဆောင်ထားသည့် နီကိုလက်စ်ကေ့ဂျ်နှင့် နီကိုးလ်ကစ်မန်းတို့ နှစ်ဦးစလုံးမှာ အော်စကာဆုရ အနုပညာရှင်များ ဖြစ်ကြသကဲ့သို့ ယင်းဇာတ်ကားအတွက် အမေရိကန်ဒေါ်လာ ၃၅ သန်း အကုန်အကျခံ ရိုက်ကူးထားခြင်းဖြစ်ပြီး အက်ရှင်စွန့်စားခန်းများမှာ အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် စိတ်ဝင်စားဖွယ် ကြည့်ရှုရမည်ဖြစ်သည်။ ***အင်တာနက်။***

နိုင်ငံတကာ အနုပညာရပ်ဝန်း

ဂျက်ကီချန်း အသက်ရှင်လျက်ရှိနေဆဲ

နာမည်ကျော်ဟာသ အက်ရှင်မင်းသား ဂျက်ကီချန်း ကွယ်လွန်ရှာလေပြီဟူသော သတင်း ဩဂုတ် ၁၇ ရက်က လူမှုရေးဆိုင်ရာ အင်တာနက်ဝက်ဘ်ဆိုက်များတွင် ပျံ့နှံ့ခဲ့ရာ ယင်းမှာ ကောလာဟလသာဖြစ်ပြီး အမှန်မှာ ဂျက်ကီချန်း **(အောက်ပုံ)** သည် ကျန်းကျန်းမာမာနှင့် အသက်ရှင်လျက်ရှိနေဆဲ ဖြစ်သည်။ ဂျက်ကီချန်းအသည်းစွဲ ပရိသတ်များအနေဖြင့် ကောလာဟလသတင်းများကြောင့် စိုးရိမ်သောက ဖြစ်နေစရာ မလိုဘဲ ၎င်း၏ ဇာတ်ကားသစ်များကို စောင့်မျှော်ရှုစားကြရမည်ဖြစ်သည်။ ***အင်တာနက်။***



စပါးခင်းများ၊ အင်းချောင်းများနှင့် တစ်ဧကအောက် ငါးကန်များအတွင်း ငါးမျိုးစိုက်ထည့်

ဝါးခယ်မ ဩဂုတ် ၂၀

ဝါးခယ်မမြို့နယ် ကျေးလက်နေ တောင်သူလယ်သမားများ စပါးခင်းအတွင်း တစ်ပိုင်တစ်နိုင် ငါးမျိုး စိုက်ထည့်၍ ဟင်းစားရရှိရေးမှ စီးပွားဖြစ်မွေးမြူလာစေရေး၊ အင်းချောင်းများအတွင်း ငါးသယံဇာတတိုးပွားရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်လာစေရေး၊ ဆင်းရဲမှု လျှော့နည်းပပျောက်ရေး အစီအစဉ်အရ တစ်ဧကအောက်ငါးမွေးမြူရေးကန်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခြင်းကို ဝါးခယ်မမြို့နယ် ဦးကြီးတော်ကျေးရွာအုပ်စုနှင့် အခြားကျေးရွာအုပ်စုများ၌ ဩဂုတ် ၁၀ ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ အဖွဲ့များခွဲ၍ ကျေးရွာအရောက် ငါးမျိုးစိုက်ထည့်ပွဲများတွင် ကျေးရွာအုပ်စုများရှိ လယ်ဧက ၂၃၃ ဧကအတွက် လယ်သမား ၁၀၈ ဦးအား ငါးခုံးမ၊ ငါးသန် ၁၁၆၅၀၀ ကောင်၊ အင်းချောင်းများအတွင်း ငါးမြစ်ချင်း ကောင်ရေ ၂၀၀၀၀၀၊ တစ်ဧကအောက် ငါးမွေးကန်များသို့ ငါးမြစ်ချင်းကောင်ရေ ၆၀၀၀ စုစုပေါင်း ကောင်ရေ ၂၂၂၅၀၀ အား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ငါးလုပ်ငန်းဦးစီး)

မိုင်းယုမြို့နယ်ခွဲအတွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသည့် ဆားများ၌ အိုင်အိုဒင်းဓာတ်ပါဝင်မှု ရှိ၊ မရှိကို မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဦးမြတ်မျိုးထွန်းတို့ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းစစ်ဆေးကြစဉ်။

(မြို့နယ်ကျန်းမာရေး)

ဧရာဝတီတံတား(ညောင်တုန်း) အရှိန်အဟုန်မြှင့်တင် တည်ဆောက်

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - ကျော်လှိုင်ချမ်း

ဧရာဝတီတံတား(ညောင်တုန်း)သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်းရှိပြီး ပင်မတံတားအရှည် ၇၄၀၂ ပေ၊ ရန်ကုန်ဘက်ကမ်းနှင့် ပုသိမ်ဘက်ကမ်းနှစ်ဖက်တို့တွင် ချဉ်းကပ်တံတား(ကားလမ်း)အရှည် ၃၄၁၂ ပေ၊ ချဉ်းကပ်(ရထားလမ်း) တံတားအရှည် ၁၃၁၄၃ ပေ ပါဝင်၍ ချဉ်းကပ်ကားလမ်းအရှည်မှာ ၁၁၃၈၉ ပေရှိသည်။

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း၌ ချဉ်းကပ်တံတားတိုင်များကို ကွန်ကရစ်လောင်းနေစဉ်။

တံတားကြီးပေါ်တွင် နှစ်လမ်းသွားကားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါဝင်သည့် တံတားကြီးဖြစ်သည်။ တံတားအမျိုးအစားမှာ ကားလမ်းနှင့်ရထားလမ်း နှစ်မျိုးပါရှိမည့် သံကူကွန်ကရစ်ဘိုးပိုင်နှင့် တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး ထိုတံတားကြီးကို အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၅)မှ ၁-၁-၂၀၁၀ ရက်နေ့က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးသည် ယခင်ခေတ်အဆက်ဆက်က တစ်နေရာမှ တစ်နေရာသို့သွားလျှင် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည့် ဒေသကြီးဖြစ်ခဲ့သည်။ မြန်မာပြည်ရှိ အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ဆက်သွယ်သွားလာရာမှာ ကားတစ်တန်၊ ရထားတစ်တန်၊ သင်္ဘောတစ်တန်၊ စက်လှေတစ်တန် စသည်တို့ဖြင့် သွားရ၍ အချိန်များစွာ ကြန့်ကြာခဲ့ရပြီး ယခုအခါမှာ လမ်းတံတားများကို နိုင်ငံတော်က ဖောက်လုပ်ပေးထားပြီးဖြစ်၍ အလွယ်တကူသွားလာနိုင်ကြပြီ နောင်တွင်လည်း ယခုထက်ပို၍ လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူ မြန်ဆန်တော့မည်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုပါမူ ဧရာဝတီတိုင်းဒေသကြီးတစ်ခုတည်း၌ နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် တံတား ၅၅ စင်းရှိပြီး တည်ဆောက်ဆဲ ပေ ၁၈၀ နှင့် အထက် တံတားကြီး ၃၄ စင်း ရှိနေသေးသောကြောင့် ဖြစ်သည်။

ဧရာဝတီတံတား (ညောင်တုန်း)၏ တည်ဆောက်ရေးလုပ်ငန်းခွင် မြင်ကွင်းသည် တစ်ခေါက်လာ တစ်ခါဆန်းနေသည်။ သံပေါင်တင်မင်္ဂလာ အခမ်းအနား ကျင်းပခဲ့သည်က ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းကမှ ဖြစ်သော်လည်း ယခုအခါမှာတော့ တံတားသံပေါင်ကြီးများက ဧရာဝတီမြစ်အတွင်းရှိ ရေလယ်တိုင်များပေါ်သို့ ရောက်နေကြပြီ ချဉ်းကပ်တံတား(ကားလမ်း)နှင့် ချဉ်းကပ်တံတား(ရထား) လမ်းများတွင်လည်း ကွန်ကရစ်ရက်မကြီးများက အစီအရီနေရာယူထားပြီးဖြစ်သည်ကို တွေ့ရပြီး အပြီးသတ် သံပေါင်ရွှေ့မှုလီတပ်ဆင်ခြင်း လုပ်ငန်း ပြီးစီးသွားပြီဖြစ်သည်။

ဒီဧရာဝတီမြစ်ကြီးပေါ်တွင် ၁၉၈၈ ခုနှစ်အထိ အင်းဝတံတားကြီး တစ်စင်းသာ ရှိခဲ့ရာမှ ယခုအခါ တည်ဆောက်ဖွင့်လှစ်ပြီး တံတားကြီး ကိုးစင်းနှင့် တည်ဆောက်ဆဲ တံတားကြီး ငါးစင်း ပေါင်း ၁၄ စင်း အထိ ရှိလာတော့မည် ဖြစ်သည်။ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားကြီးများမှာ အင်းဝတံတား၊ ဗလမင်းထင်တံတား၊ နဝဒေးတံတား၊ အနော်ရထာတံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတား၊ ဒေးဒရဲတံတား၊ ဧရာဝတီတံတား(မကွေး)နှင့် ဧရာဝတီတံတား(ရတနာပုံ) တို့ဖြစ်ပြီး တည်ဆောက်ဆဲတံတားများမှာ ဧရာဝတီတံတား(ညောင်တုန်း)၊ ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား(မလွန်)၊ ဧရာဝတီတံတား(ရတနာသိယ်)၊ ဧရာဝတီတံတား(စင်းခန်း)တို့ ဖြစ်ကြသည်။

ထပ်ဆင့်၍ တင်ပြရသော် တစ်နိုင်ငံလုံးတွင် ၁၉၈၈ ခုနှစ်အထိ ပေ ၁၈၀ အောက် တံတား ၃၃၀၅ စင်းနှင့် ပေ ၁၈၀ အထက် တံတား ၁၉၈ စင်းသာ ရှိခဲ့ရာမှ ယခုအခါပေ၁၈၀အောက်တံတား ၆၆၂၀ စင်းနှင့် ပေ ၁၈၀ အထက် တံတား ၄၆၃ စင်းအထိ ရှိနေပြီဖြစ်ပြီး လမ်းအပိုင်းတွင်လည်း ၁၉၈၈ ခုနှစ်အထိ မြေသားလမ်းနှင့် ကျောက်လမ်း ၈၀၉၂ မိုင်၊ ကတ္တရာလမ်း ၅၅၄၃ မိုင် စုစုပေါင်း လမ်းမိုင် ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယခုအခါ မြေသားလမ်းနှင့်ကျောက်လမ်း ၁၁၀၁၈ မိုင်၊ ကတ္တရာလမ်းမိုင် ၁၀၃၄၃ မိုင်ရှိပြီး စုစုပေါင်း လမ်းမိုင်အရှည် ၂၁၃၆၁ မိုင်အထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားစီမံကိန်းအသစ် ၁၉ ခုကို ဆက်လက်ဆောင်ရွက်နေသည်ဟု သိရသည်။ ၎င်းစီမံကိန်းအသစ်များမှာ-

ပူတာအို-ရပ်ဘော့-ခေါင်လန်ဖူးလမ်း၊ စစ်ကိုင်း - ရှိမ္မကား - မြစ်ကြီးနားလမ်း၊ ကျွန်းလှ - ချပ်သင်း - ကောလင်းလမ်း၊ ကနီ-မင်းကင်း-တောင်တွင်းချောင်းလမ်း၊ မလွန်- စစ္စနိုး - ရေနံမ - ကန်တုတ်လမ်း၊ မွန်းတည့်ခွင်-ကျည်တောင်-နေပြည်တော်ပတ်လမ်း အဆင့်တိုးမြှင့်ခြင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း ဆက်လက်ဆောင်ရွက်ခြင်း၊ မြေပုံ-ကံသာ-ကပိုင်လမ်း၊ ဗန္ဓုလ-မောင်တော-အင်္ဂူမော်လမ်း၊ မိုင်းနောင်-မိုင်းစံ (မုံးဆန်း)လမ်း၊ ကာလိ-မိုင်းစံ (မုံးဆန်း)-မိုင်းရှူးလမ်း၊ မိုင်းပန်း-မုံးထ-မုံးထော်လမ်း၊ လပွတ္တာ (ကျောက်ဖျာလေး)-အုတ်တွင်း-ထိပ်စွန်း လမ်းပေါ်ရှိ သက္ကယ်သောင် မြစ်ကူးတံတား၊ နေပြည်တော်မြို့ပတ်လမ်းပေါ်ရှိ ပေါင်းလောင်းမြစ်ကူးတံတား (နေပြည်တော်)၊ ပူတာအို-မချမ်းဘော-နောင်မွန်းလမ်းပေါ်ရှိ မချမ်းဘောတံတား၊ ရခိုင်ပြည်နယ် မြေပုံမြို့မှ ရန်ကုန်-စစ်တွေလမ်းသို့ ဆက်သွယ်သော မြေပုံ-ကသာ-ကပိုင်းလမ်းပေါ်ရှိ ပေ ၁၈၀ အထက် တံတားနှစ်စင်း၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း - ရသေ့တောင်လမ်းပေါ်ရှိ တံတားလေးစင်း၊ ရခိုင်ပြည်နယ် ကျောက်တော်-ပလက်ဝလမ်းပေါ်ရှိ တံတားလေးစင်းနှင့် မကွေးတိုင်းဒေသ ကြီး ချောက်-ဆိပ်ဖြူ-ပခုက္ကူလမ်းပေါ်ရှိ ယော(ကံတွင်း) တံတားတည်ဆောက်ခြင်း လုပ်ငန်းတို့ဖြစ်သည်ဟု သိရသည်။

ဧရာဝတီမြစ်ကြီးသည် မြန်မာပြည်မြောက်ဖျားရှိ မေခနှင့် မလိခ မြစ်နှစ်သွယ်မှ မြစ်ဖျားခံခဲ့ပြီး တစ်နိုင်ငံလုံးသို့ မိုင်ပေါင်း ၁၂၃၈ မိုင် ရစ်ခွေစီးဆင်းလျက်ရှိပြီး မြန်မာနိုင်ငံအတွက် အဓိကအရေးအပါဆုံးနှင့် အသုံးအဝင်ဆုံး မြစ်ကြီးတစ်စင်းဖြစ်သော်လည်း ၎င်းဧရာဝတီမြစ်ကြီး၏ အတားအဆီးကြောင့် မြစ်၏ အနောက်ဘက်ခြမ်းသည် ယခင်က တိုးတက်မှုနောက်ကျနေခဲ့ရသည်။ ယခုတော့ ဤသို့မဟုတ်တော့ပြီ။ ဧရာဝတီမြစ်ကြီးပေါ်မှာ အစီအရီပေါ်လာသော တံတားကြီးများ၏ အကျိုးကျေးဇူးကြောင့် ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းသည်လည်း အရှေ့ဘက်ခြမ်းနည်းတူ ဖွံ့ဖြိုးမှုများ ဝေစည်လျက်ရှိနေပြီဖြစ်သည်။

ဤတံတားကြီးပြီးသွားလျှင် ဧရာဝတီတိုင်းဒေသကြီးသည် ပို၍ဖွံ့ဖြိုးလာဦးမည်ဖြစ်ပြီး တိုင်းဒေသကြီးတစ်ခုလုံး ကားလမ်းကွန်ရက်တွင်သာမက ရထားကွန်ရက်ပါ ထပ်ဆင့်လွှမ်းခြုံတော့မည် ဖြစ်ပါကြောင်း ကွင်းဆင်းသွားရောက်လေ့လာရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ။

ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းတွင် ပင်မတံတားကြီးအားသံပေါင်များ တပ်ဆင်လျက်ရှိရာ ၈၅ ရာခိုင်နှုန်း ပြီးစီးနေသည်ကို ဤသို့တွေ့ရစဉ်။



ဧရာဝတီတံတား (ညောင်တုန်း)၏ သံပေါင် တပ်ဆင်ခြင်းလုပ်ငန်းကို မြန်မာအင်ဂျင်နီယာ ဝန်ထမ်းများ သက်စွန့်ဆံဖျား ဆောင်ရွက်လျက်ရှိကြသည်ကို ဤသို့တွေ့ရစဉ်။

ပညာရေးသတင်းအချက်အလက်များပြပွဲနှင့် ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံအတွင်း ပညာသင်ယူလျက်ရှိသော အထက်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကြိုတင်ပြင်ဆင်ထားသင့်သည့် ပညာရေးလမ်းကြောင်းများ၊တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားသူများ၊ အထူးပြုဘာသာရပ်အမျိုးမျိုးဖြင့် ဘွဲ့ရရှိထားသော ကျောင်းသား၊ ကျောင်းသူများအတွက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဆက်လက်သင်ယူသင့်သည့် နိုင်ငံတကာ ပညာရေးလမ်းကြောင်းများအကြောင်း ဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ Summit Parkview Hotel တွင် ခင်းကျင်းပြသမည်ဖြစ်ရာ ပြပွဲတွင် CROWN Education ၏ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ပြည်တွင်းပြည်ပ ပညာရေးသတင်းအချက်အလက်များကို မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ရှင်းလင်းတင်ပြပေးမည်ဖြစ်ပြီး အထောက်အကူပြုစေမည့်ဘာသာရပ် တက္ကသိုလ်ကျောင်းများကို ရွေးချယ်ခြင်းနှင့် ပတ်သက်၍ အကြံပြုချက်များကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်သည်။

ထို့အပြင် သက်ဆိုင်ရာဘာသာရပ်များအလိုက် ဝင်ခွင့်အချက်အလက် အသေးစိတ်များ ရယူနိုင်ရန်အတွက် Booth များ ထားရှိပေးထားမည်ဖြစ်ပြီး ကျောင်းများ၏ ကုန်ကျစရိတ်များနှင့် သတင်း အချက်အလက်များကိုပါ သက်ဆိုင်ရာ Booth အသီးသီးတွင် ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ် အချက်အလက်များကို CROWN Education, Summit Parkview Hotel, အခန်း(၂၂၈-၂၂၉) ဖုန်း-၂၁၁ ၈၈၈၊ (Ext:228) နှင့် ၀၉-၇၃၂၇၃၂၇၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

(ကြေးမုံ)

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဗိုလ်မင်းရောင်အလယ်တန်းကျောင်း၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၁ ရက်က ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများ၊ အာဟာရပြခန်း၊ အာဟာရကျွေးမွေးခန်း၊ ကျောင်းကျန်းမာရေးပညာပေးခန်း၊ ကျောင်းကျန်းမာရေးစစ်ဆေးပေးခန်းတို့ကို ပြသထားရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးသိန်းက နေပြည်တော်ပညာရေးမှူး ဦးမြင့်ဦးနှင့်အဖွဲ့အား ကျောင်းကျန်းမာရေးပြခန်းများကို လိုက်လံပြသစဉ်။

(၅၆၄)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် (၁၂၉) လမ်းနေ ဒေါ်ခင်မမ(တရားလွှတ်တော်ရှေ့နေ) မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် နှစ်သိန်းလှူဒါန်းစဉ်။

(ကြေးမုံ)

(၁၉)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

(ယမန်နေ့မှအဆက်)

အုပ်စု(၃) မဇ္ဈိမနိကာယ (သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်ငါးပါး၊ နှစ်ကျမ်းအောင်လေးပါး၊ တစ်ကျမ်းအောင် ရှစ်ပါးတို့ဖြစ်ကြသည်။

မဇ္ဈိမနိကာယ်သုံးကျမ်းအောင် ငါးပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ ခုံအမှတ် (ပခ-၁) အရှင်ပညာတိက္ခာလင်္ကာရ အသက်(၃၃)နှစ် အဘ ဦးတင်ဝင်း သာမဏေကျော်ပရိယတ္တိစာသင်တိုက် ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး(ပထမ)၊ ခုံအမှတ် (ကွေး-၂) အရှင်ဝါယာမာဝုဓ အသက်(၂၄)နှစ် အဘ ဦးမောင်စံ သံဃာရာမကျောင်းတိုက် မကွေးမြို့ မကွေးတိုင်းဒေသကြီး(ဒုတိယ)နှင့် ခုံအမှတ်(ဒဂတ- ၃) အရှင်ဥတ္တရဝံသ အသက် (၂၇)နှစ် အဘ ဦးလှထွန်းအောင် အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (တတိယ)တို့ဖြစ်ကြသည်။

အုပ်စု(၄)သံယုတ္တနိကာယ (သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် တစ်ပါး၊ နှစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်သည်။

အုပ်စု(၅)အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄၃ ပါး၊ နှစ်ကျမ်းအောင် ၃၆ ပါး၊ တစ်ကျမ်းအောင် ၁၇ ပါးတို့ဖြစ်ကြသည်။

အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင် ၄၃ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ ခုံအမှတ်(ပခ-၉) ရှင်ဝိစိတ္တသာရာလင်္ကာရ အသက် (၂၀) အဘ ဦးစိုးတင့် သာမဏေကျော် ပရိယတ္တိစာသင်တိုက် ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး (ပထမ)၊ ခုံအမှတ်(ဗဟ-၆) အရှင်သုဒဿနာလင်္ကာရ အသက် (၂၃)နှစ် အဘ ဦးမောင်စိန်၊ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (ဒုတိယ)နှင့် ခုံအမှတ်(ပခ-၁) ရှင်ဣန္ဒက အသက်(၂၀) နှစ် အဘ ဦးမောင်ကြည် သာမဏေကျော် ပရိယတ္တိစာသင်တိုက် ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး (တတိယ)တို့ဖြစ်ကြသည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ(၂) (သုတ္တန္တပိဋက)ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် တစ်ပါး၊ တစ်ကျမ်းအောင်တစ်ပါးတို့ဖြစ်သည်။

အုပ်စု(၈) အဘိဓမ္မပိဋက(အဘိဓမ္မာ ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၁၅ ပါး၊ တစ်ကျမ်းအောင် ၂၂ ပါး တို့ဖြစ်ကြသည်။

(ဆက်လက်ဖော်ပြပါမည်)

အဘိဓမ္မာရသမအကြိမ် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ကြီးမှူး၍ အဘိဓမ္မာရသမအကြိမ် ဘုန်းတော်ကြီးကျောင်းပညာ သင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒက အဖွင့်ဩဝါဒကထာ မြွက်ကြားပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ **(အပေါ်ပုံ)**

ထို့နောက် သတ္တရသမအကြိမ် အစည်းအဝေးမှတ်တမ်းကိုဖတ်ကြားပြီး အတည်ပြုခြင်း၊ မှတ်တမ်းပါ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများလျှောက်ထားခြင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဆရာတော်ကြီးများက ဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းလျှောက်ထားသည်။

(သတင်းစဉ်)

အင်ဒိုနီးရှား - မြန်မာ ယဉ်ကျေးမှုကပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နှစ်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနများ ပူးပေါင်းကျင်းပသည့် ယဉ်ကျေးမှုကပွဲ (Joint Cultural Show) ကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးဒေါ်စန်းစန်းနွယ်၊ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့်ဇနီး၊ သံရုံးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦးနှင့် Malikha Girl Training School မှ ဒေါ်နီနီရွှေတို့အား အင်ဒိုနီးရှား ရိုးရာ ဝါးတူရိယာ (Angklung) ကို ပေးအပ်သည်။

ယင်းနောက် အင်ဒိုနီးရှား သမ္မတနိုင်ငံမှ ရိုးရာအကအဖွဲ့ဝင်များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူလေးများက နှစ်နိုင်ငံရိုးရာယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတ နိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နှစ်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီး ဌာနများ ပူးပေါင်း ကျင်းပသည့် ယဉ်ကျေးမှုကပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

မြန်မာစီးပွားစီမံ အမှုဆောင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

မြန်မာစီးပွားစီမံ အမှုဆောင်များအသင်း (Myanmar Business Executive Association) နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမြင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်လင်းလင်းတင်ထွန်းက အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက အသင်းမှလှူဒါန်းသော ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၊ ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ စာသင်ကျောင်းများကို စံချိန်စံညွှန်းဖြင့် အချိန်မီပြီးစီးအောင် ဆောက်လုပ်ပေးခဲ့သော ဆောက်လုပ်ရေးကုမ္ပဏီများ၊ အသင်းနှင့် ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့် သမဝါယမကောလိပ် မှ ကျောင်းသားအဖွဲ့နှင့် စီးပွားရေးစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း၌ လာရောက်သင်ကြားပေးသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များကို ချီးမြှင့်ကြသည်။

(သတင်းစဉ်)

မြန်မာစီးပွားစီမံ အမှုဆောင်များ အသင်း နှစ်ပတ်လည် အစည်းအဝေး၌ အသင်းဥက္ကဋ္ဌ ဦးမြင်မောင်ထွန်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပညာရဂုဏ်ရောင်အလင်းဆောင်

အမရပူရ နေခြည်ဦးစာကြည့်တိုက် စာအုပ်၊ စာစောင်နှင့် အလှူငွေလှူဒါန်း

အမရပူရ ဩဂုတ် ၂၀

အမရပူရမြို့နယ် ဘနောကျေးရွာ နေခြည်ဦးစာကြည့်တိုက်သို့ ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက စာအုပ်၊ စာစောင်နှင့် အလှူငွေပေးအပ်ပွဲကို အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာအုပ်၊ စာစောင် တိုးပွားအောင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး အလှူရှင်ဒေါ်မမနိုင် (မန္တလေး-ရုပ်သေး)က လှူဒါန်းရခြင်းအကြောင်းရင်းနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကို ပြောကြားကာ မြမန္တလာဟိုတယ် စာကြည့်တိုက်အဖွဲ့က အလှူငွေကျပ် ၅၀၀၀၀၊ ဒေါ်မမနိုင် (မန္တလေး-ရုပ်သေး)က သုတရသ စာအုပ်များ၊ ခရိုင်ဦးစီးအရာရှိက ဂျာနယ် မဂ္ဂဇင်းများ၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှက စာအုပ်၊စာစောင် မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

(၆၃၀)

စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်လှူဒါန်း

ဂန့်ဂေါ ဩဂုတ် ၂၀

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဟန်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဆောမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာ ဦးရွှေက စာအုပ်မျိုးစုံ အုပ် ၁၃၀၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးညီငြေးနှင့်ဇနီး ဒေါ်ခင်ကျော့ဟန်တို့က ဂျာနယ်မျိုးစုံ အုပ် ၅၀ တို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးခင်မောင်ထံ ပေးအပ်လှူဒါန်းကြသည်။

(ခရိုင်ပြန်/ဆက်)

တောင်ကြီးမြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဘော်စောကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ ရေများကို သောက်သုံးရန် စတင်ဖြန့်ဖြူးပေးလျက်ရှိသည်ကို တွေ့ရစဉ်။

(ကြေးမုံ)

မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် ဩဂုတ် ၂၀

စပါးအထွက်နှုန်းတိုးတက်ရရှိရန်အတွက် တစ်ဧကတွင် ဝင်ဆံ့ရမည့် ကောက်ကွက်မှန်မှန်ကန်ကန်အပြည့်အဝ ဝင်ဆံ့ရေး၊ လက်ဆမှန်ရေး၊ အတိမ်အနက် မှန်ကန်ရေးတို့သည် အရေးကြီးသောကြောင့် ကောက်စိုက်သူများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်းဖြင့် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးသန့်ခြံ၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကောက်စိုက်ယှဉ်ပြိုင်နေမှုများကို အားပေးပြီး စပါးစိုက်ခင်းများအတွင်းသို့ ငါးခုံးမအကောင် တစ်သိန်း၊ ရွှေဝါငါးကြင်း ငါးသောင်းနှင့် ငါးရှဉ့် ငါးထောင်တို့ကို ထည့်သွင်းပေးသည်။

ဆက်လက်၍ လယ်ယာသုံးစက်ကိရိယာပြခန်း၊ ရဲတပ်ဖွဲ့ ဥပဒေပညာပေးပြခန်းနှင့် စိုက်ပျိုးရေးပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကောက်စိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ဆုရ တောင်ငူခရိုင်အသင်း၊ တတိယဆုရ ပြည်ခရိုင်အသင်း၊ ဒုတိယဆုရ ပဲခူးခရိုင်အသင်းနှင့် ပထမဆုရ သာယာဝတီခရိုင်အသင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုအသီးသီးချီးမြှင့်ကြသည်။ အခမ်းအနားတွင် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လယ်ယာသုံးစက်ကိရိယာ ရောင်းချသည့်ကုမ္ပဏီများက စုစုပေါင်း ငွေကျပ် ၆၇ သိန်း လှူဒါန်းကြသည်။

ပဲခူးတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်စိုက်ပျိုးပြီးစီးမှုအခြေအနေမှာ စီမံကိန်းအနေဖြင့် ၃၀၄၃၉၀၂ ဧကဖြစ်ပြီး စိုက်ပျိုးပြီးဧကမှာ ၂၆၄၃၉၃၉ ဖြစ်၍ ၈၆ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်သည်။ ရေတော်မိုးတော်စီမံကိန်းအနေဖြင့် ၁၉၉၉၁၉၈ ဧကဖြစ်ပြီး ရာခိုင်နှုန်းပြည့် စိုက်ပျိုးပြီး ဖြစ်ကြောင်းသိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ တာဝန်ရှိသူများ အနေဖြင့် ရေမြုပ်ပျက်စီးသွားသော လယ်မြေများအစားထိုးပြန်လည်စိုက်ပျိုးပြီးစီးမှုနှင့် ပျက်စီးမှုတို့ကို ကွင်းဆင်း၍ စနစ်တကျ ပြုစုတင်ပြရန်၊ ပေးအပ်လှူဒါန်းထားသောမျိုးစပါးများကို အမှန်တကယ်ပျက်စီးသွားသော လယ်သမားများ အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် တာဝန်ရှိသူများက ကြီးကြပ်ပေးရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၌ ပထမဆုရ သာယာဝတီခရိုင် အသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သစ်တောဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် သစ်တောဦးစီးဌာနအရာရှိများ စွမ်းဆောင်ရည်မြှင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သစ်တောဦးစီးဌာန၏ ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြှင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

သစ်တောဦးစီးဌာနအရာရှိများ စွမ်းဆောင်ရည်မြှင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသန စုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဦးစီးအရာရှိအဆင့် သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၈ ရက်မှ ၁၉ ရက်အထိ သင်ကြားပို့ချသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ဆဌမအကြိမ်မြောက် ရွှေရန်ကုန် ဖွံ့ဖြိုးအောင် ရေယာဉ်လိုင်း ယာဉ်မောင်း သား၊ သမီးများ၏ ၂၀၁၁- ၂၀၁၂ ပညာသင်နှစ် ပညာသင်ထောက်ပံ့စရိတ် ပေးအပ်ပွဲနှင့် အာမခံ အလုပ်သမားများအပေါ် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ဟောပြောပွဲကို ဓမ္မရာဇာမုနိ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ယာဉ်လိုင်းကော်မတီဥက္ကဋ္ဌ ဦးစံကျော် အမှာစကားပြောကြားစဉ်။ (၆၀၀)

လမ်းအလယ်ရပ် ခရီးသည်အတင်အချလုပ်ခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့ ၁၄ နေရာ ကွင်းဆင်းကြပ်မတ်မည်

ရန်ကုန် ဩဂုတ် ၂၀

လမ်းအလယ်တွင်ရပ်ကာ ခရီးသည် အတင်အချပြုလုပ်ခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့လေ့ရှိသည့်နေရာ ၁၄ နေရာတွင် ကွင်းဆင်းစစ်ဆေးကြပ်မတ်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီမှ အတွင်းရေးမှူး ဦးဘမြင့်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါနေရာ ၁၄ နေရာ၌ ယာဉ်လိုင်းတစ်ခုချင်းစီ၏ ကြီးကြပ်ရေးမှူးက စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ကာ အခြားသော ယာဉ်လိုင်းများမှ ထိုအဖွဲ့တွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်နေရာတွင် သုံးဦးမှ ခြောက်ဦးစီအထိ တာဝန်ချ ဆောင်ရွက်သွားမည်ဖြစ်သည်။ စည်းကမ်းဖောက်ယာဉ်များကို အနီးဆုံးယာဉ်ထိန်းရဲအဖွဲ့ထံသို့ သတင်းပို့ပြီး ကြားဖြတ်ဖမ်းဆီးကာ ထူးခြားဖြစ်စဉ်များရှိပါက မထသ(ဗဟို)သို့ သတင်းပို့ရန် ညွှန်ကြားထားကြောင်း သိရသည်။

ကြပ်မတ်သွား

ထိုသို့စစ်ဆေးကြီးကြပ်သွားမည့်နေရာများမှာတွင် အင်းစိန်-လှိုင်သာယာလမ်းရှိ ပေါက်တောမှတ်တိုင်၊ ဘုရင့်နောင်မီးပွိုင့်လမ်းဆုံ၊ မြောက်ဥက္ကလာပ မဟာနွယ်မှတ်တိုင်၊ မြေနီကုန်းလမ်းဆုံ၊ လှည်းတန်းလမ်းဆုံ၊ အင်းစိန်ပန်းခြံမှတ်တိုင်၊ မဟာဗန္ဓုလလမ်းမပေါ်ရှိ (၃၈) လမ်းမှတ်တိုင်၊ ရွှေဂုံတိုင်လမ်းဆုံ၊ တာမွေဈေးမှတ်တိုင်၊ ယုဇနပလာဇာမှတ်တိုင်၊ မဟာဗန္ဓုလပန်းခြံမှတ်တိုင်၊ အနော်ရထာလမ်းပေါ်ရှိ လမ်း (၄၀) မှတ်တိုင်၊ သိမ်ဖြူမီးပွိုင့်(၅) လမ်းဆုံ၊ မြောက်ဥက္ကလာပ ခြောက်ကွေ့မှတ်တိုင်တို့ဖြစ်ပြီး မထသ (မြို့တွင်း) မှ သုံးနေရာ၊ အနောက်ပိုင်းခရိုင် (မထသ) မှ နှစ်နေရာ၊ ပါရမီမှ နှစ်နေရာ၊ မြောက်ပိုင်းခရိုင်(မထသ) ရွှေအင်းဝ၊ ရွှေညော့်သည်၊ သန်မြန်သူ၊ အရှေ့ပိုင်းခရိုင်(မထသ)၊ ပြည်ခိုင်ဖြိုး၊ တောင်ပိုင်းခရိုင် (မထသ) တို့မှ တစ်နေရာစီ စစ်ဆေးရေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်များအဖြစ် အသီးသီးတာဝန်ယူကာ ကြပ်မတ်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် လမ်းဘေးချမရပ်ဘဲ လမ်းအလယ်တွင် ခရီးသည်တင်၊ ချပြုလုပ်ရာမှ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပြီး ယာဉ်မတော်တဆမှုများလည်း ဖြစ်ပွားလာနိုင်ခြင်းကြောင့် ကွင်းဆင်းကြီးကြပ်ရခြင်း ဖြစ်သည်ဟု သိရသည်။ ထိုသို့ လမ်းအလယ်တွင်ရပ်ကာ ခရီးသည်အတင်အချပြုလုပ်သော ယာဉ်များနှင့် ပတ်သက်၍ ခရီးသည်များဘက်မှ ဖုန်းဆက်တိုင်ကြားနိုင်ပြီး တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များကို ယာဉ်ပေါ်တွင် ကပ်ပေးထားသည်ဟုလည်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

ရန်ကုန်တိုင်းဒေသကြီး မထသ (၄၉)နှစ်ပြည့်ပွဲ

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီကို ၁၉၆၂ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။

ဩဂုတ် ၂၀ ရက်တွင် (၄၉)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ရွှေရတုအကြိုအခမ်းအနားကို ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရုံးချုပ်၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွဋ်နှင့် တာဝန်ရှိသူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး (မထသ) အောက်တွင် ယာဉ်လိုင်းပေါင်း ၁၄၁ လိုင်းက ယာဉ်စီးရေ ၂၅၀၀ ကျော်ဖြင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

(စိုးမင်း-သတင်းစဉ်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးအား နှစ်စဉ်တိုး၍ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိရာ ရေရှားပါးသည့် အောင်ဆန်းရပ်ကွက် ကျောက်ဖူး ရေပေးရေးစီမံကိန်းအတွက် ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တပ်ဆင်ပြီးစီးမှု အခြေအနေကိုတွေ့ရစဉ်။ (ကြေးမုံ)

ဆော့ဖ်ဝဲအသုံးပြု GIS သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၀

Arc GIS desktop ဆော့ဖ်ဝဲ အသုံးပြု ပထဝီဝင်သတင်းအချက်အလက်စနစ် (Geographic Information Systems-GIS) သင်တန်းကို ဩဂုတ် ၂၇၊ ၂၈နှင့်စက်တင်ဘာ ၃၊ ၄၊ ၁၀နှင့် ၁၁ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင်(၁) အခန်း(၄)၌ ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

ပထဝီ သတင်းအချက်အလက်စနစ်နည်းပညာနယ်ပယ်တွင် အများဆုံးအသုံးပြုသော Arc GIS ဆော့ဖ်ဝဲကို မြေအသုံးချ စီမံကိန်းချမှတ်ရေးနှင့် စီမံခန့်ခွဲရေး၊ သဘာဝသယံဇာတများ အသုံးချရေးနှင့် ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေး၊ ရှေးဟောင်းသုတေသန၊ ဘူမိဗေဒ၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေး၊ ရေနံသဘာဝဓာတ်ငွေ့နှင့် သတ္တု ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေး၊ ဆောက်လုပ်ရေး၊ သဘာဝဘေး၊ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စသည်တို့အတွက် အသုံးပြုကြောင်းသိရသည်။

သင်တန်း တက်ရောက်ခြင်းဖြင့် GIS နည်းပညာအခြေခံများကို သိရှိနားလည်ပြီး ဆော့ဖ်ဝဲစနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်၍ သတင်းအချက်အလက်ပြည့်စုံသော ကွန်ပျူတာအသုံးပြုမြေပုံများကို ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။ အင်ဂျင်နီယာလုပ်ငန်းများ၊ ပြည်တွင်းပြည်ပကုမ္ပဏီကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရဝန်ကြီးဌာနအသီးသီး၊ အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO)များတွင် အများဆုံးအသုံးပြုကြသော GIS အသုံးချဆော့ဖ်ဝဲ ArcGIS ကို အချိန်တိုအတွင်းသင်ယူလေ့လာခွင့်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သင်တန်းကျောင်းများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများတွင် GIS သင်တန်းများကို သီးသန့်လာရောက်သင်ကြားပေးစေလိုပါကလည်း ဆက်သွယ်နိုင်ကြောင်းသိရသည်။

စိတ်ပါဝင်စားသူများ အနေဖြင့် အသေးစိတ် အချက်အလက်များကို Myanmar Credent Technology အဆောင်(၁) အခန်း(၇) မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၈၅၊ ၆၅၂၂၈၆ တို့သို့ အသေးစိတ် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး သင်တန်းသားဦးရေ ၂၀ သာ လက်ခံသင်ကြားမည်ဖြစ်၍ တက်ရောက်လိုသူများသည် ဩဂုတ် ၂၆ ရက် နောက်ဆုံးထားပြီး စာရင်းသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အပိုင်း(၃)ဝန်ဆောင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကဏ္ဍတွင် သဘာပတိအဖြစ် သံအမတ်ကြီး (အငြိမ်းစား)ဦးလှမောင် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး စက်မှုနိုင်ငံသို့ တက်လှမ်းရာတွင် မလွဲမသွေ ဆောင်ရွက်ရမည့် Source Industry (သို့မဟုတ်) Mother Industry ထူထောင်ခြင်းစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေး မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည့်စုံကောင်းမွန်သော စီးပွားရေးဝန်းကျင် ဖော်ဆောင်ရေးစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

ဖတ်ကြားတင်သွင်းကြသည်။

ဆက်လက်၍ အပိုင်း(၃) ဝန်ဆောင်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ကဏ္ဍတွင် သဘာပတိအဖြစ် သံအမတ်ကြီး(အငြိမ်းစား) ဦးလှမောင်က ဆောင်ရွက်ပြီး ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်စိုးက ဆက်သွယ်မှုကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဓိက အထောက်အကူဖြစ်စေသည် စာတမ်း၊ ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးညီညီက နိုင်ငံ၏ လူဦးရေနှင့် လုပ်သားအင်အားခန့်မှန်းမှု စာတမ်း၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်က အလုပ်အကိုင်ရရှိမှုနှင့် အခွင့်အလမ်း ရပိုင်ခွင့်များစာတမ်း၊ လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ ဦးယုလွင်အောင်က မြန်မာနိုင်ငံ လူမှုဖူလုံရေး စီမံကိန်းနှင့် အနာဂတ် မျှော်မှန်းချက် စာတမ်း၊ Cutting Making and Packaging (CMP) ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးက CMP နှင့် အလုပ်အကိုင် အခွင့်အလမ်း စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ အပိုင်း(၄) ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကဏ္ဍတွင် သဘာပတိအဖြစ် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးဆက်အောင်က ဆောင်ရွက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက စက်မှုနိုင်ငံသို့ တက်လှမ်းရာတွင် မလွဲမသွေ ဆောင်ရွက်ရမည့် Source Industry (သို့မဟုတ်) Mother Industry ထူထောင်ခြင်း စာတမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းက မြန်မာ့နိုင်ငံခြားကုန်သွယ်ရေးနှင့် ပို့ကုန်သွင်းကုန်ချိန် စက်မှုစာတမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်က ကုန်သွယ်မှုမူဝါဒများနှင့် ဖွံ့ဖြိုးမှုစာတမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကျွမ်းကျင်သူ ဒေါ်မြသူဇာက ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများစာတမ်း၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သွင်ဦးက အနာဂတ်ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ မြှင့်တင်ရေးဆိုင်ရာ အကြံပြုစာတမ်း တို့ကို ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် အပိုင်း(၅) ဘဏ္ဍာရေးနှင့် ငွေကြေးပေါ်လစီဆိုင်ရာ ဆောင်ရွက်မှုများကဏ္ဍတွင် သဘာပတိအဖြစ် မြန်မာ့အရှေ့တိုင်းဘဏ်ဥက္ကဋ္ဌ ဦးမြသန်းက ဆောင်ရွက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေးက မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများစာတမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးသိန်းဇော်က မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍ တိုးတက်ဖြစ်ပေါ်မှု စာတမ်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလင်းအောင်က နိုင်ငံတော်က ချမှတ်ထားသော ဘဏ္ဍာရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေအား သုံးသပ်တင်ပြခြင်းစာတမ်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မိုးကြည်က မြန်မာနိုင်ငံ၏ အခွန်အရပ်ရပ် ကောက်ခံရရှိမှုနှင့် အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေကို လေ့လာတင်ပြခြင်းစာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် စာတမ်းများအပေါ် သဘာပတိကခြုံငုံသုံးသပ်၍ တက်ရောက်လာကြသူများက ဝိုင်းဝန်းမေးမြန်းဖြည့်စွက်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့)ကို ည ၇ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

ဖြစ်ပေါ်စေမည်

ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်များအပေါ် အခြေခံကာ ဖွံ့ဖြိုးမှုကို ရှုထောင့်ပေါင်းစုံဖြင့် ရှုမြင်၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအထိ ရည်မှန်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။ သို့မှသာ လူထုလူတန်းစားများအကြား ဆင်းရဲ-ချမ်းသာ ကွာဟမှုနည်းပါးပြီး ဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို လူတိုင်းခံစားနိုင်သည့် အရည်အသွေးရှိသော တိုးတက်မှု ဖြစ်ပေါ်စေမည်ဖြစ်သည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့)တွင် စုစုပေါင်း စာတမ်းရှင် ၁၆ ဦးက စာတမ်းပေါင်း ၁၆ စောင်ကို ဖတ်ကြားတင်သွင်းဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ (တတိယနေ့)ကို မနက်ဖြန် ဩဂုတ် ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

※ သုတေသနလုပ်ငန်းများမှ

ညွှန်ကြားရေးမှူးချုပ်များ၊ Korea International Coorperation Agency (KOICA) ဌာနေကိုယ်စားလှယ် Ms. Kim TaeEun နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် KOICA အဖွဲ့ဌာနေကိုယ်စားလှယ် Ms. Kim TaeEun တို့က ဆွေးနွေးမှုမှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။ KOICA မှ အမေရိကန်ဒေါ်လာသုံးသန်း ထောက်ပံ့ရရှိမည့် သုတေသနဓာတ်ခွဲခန်းမ "Establishment of Laboratory for Research on Communicable Diseases Project" ကို နှစ်ဖက် သဘောတူ လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

ဖလှယ်နိုင်မည်

အဆိုပါ သုတေသနဓာတ်ခွဲခန်းမသည် ကျန်းမာရေး အဓိကပြဿနာရောဂါများဖြစ်သည့် တီဘီ၊ ငှက်ဖျား၊ အသည်းရောင်အသားဝါ၊ ဝမ်းပျက်ရောဂါများနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများ ပိုမိုသုတေသနပြုနိုင်ပြီး ရောဂါပိုးများရှာဖွေမှုနှင့် ကုသမှုများကို အဆင့်တိုးမြှင့်ရှာဖွေ သုတေသနပြုနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတကာသုတေသနဌာနများနှင့်လည်း ICT နည်းပညာဖြင့် ဆက်သွယ်၍ အသုံးချကာ သတင်းအချက်အလက် နည်းပညာများ ဖလှယ်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် (ခုတင်-၄၀၀) အရိုးရောဂါအထူးကု ဆေးရုံကြီးသို့ သွားရောက်၍ မြန်မာ့တစ်သျှူးဘဏ်ရှိ အလုပ်ခန်းများ၌ တစ်သျှူးထုတ်လုပ် သိမ်းဆည်းထားရှိမှုများနှင့် ခေတ်မီစက်ပစ္စည်းကိရိယာများ အသုံးချမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အရိုးရောဂါအထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်နှင့် ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်တင်စိန်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။ (သတင်းစဉ်)

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ မြို့နယ်စစ်မှုထမ်းဟောင်းခန်းမ၌ ရပ်ကွက်သုံးရပ်ကွက်မှ ဒေသခံပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးငွေသောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ငါးမွေးမြူထုတ်လုပ်မှုနှင့် ဈေးကွက်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြဈေးကြီး၊ ငါးဒိုင် ကိုယ်စားလှယ် အလုပ်အမှုဆောင်အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ငါးမွေးမြူထုတ်လုပ်မှုနှင့် ဈေးကွက်ဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက အမှာစကားပြောကြားသည်။

ထုတ်နုတ်တင်ပြ

ထို့နောက် ငါးလုပ်ငန်းပညာရှင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးသန်းထွန်းက သဘာပတိအဖြစ်ဆောင်ရွက်၍ သုတေသနပြုစာတမ်းရှင်များက ပြည်တွင်းဈေးကွက်သို့ မွေးမြူရေးငါးများ ဝင်ရောက်မှုနှင့် ဖြန့်ဖြူးမှု၊ ပြည်တွင်းစားသုံးမှုနှင့် စီးပွားရေးတွက်ခြေကိုက်မှုသုံးသပ်ချက်၊ မွေးမြူရေးငါး ပြည်ပတင်ပို့မှုနှင့် နိုင်ငံတကာစံချိန်စံညွှန်း လိုအပ်ချက်များကို စာတမ်းများဖြင့် တင်ပြဆွေးနွေးကြရာ တက်ရောက်လာသူများက ဆွေးနွေးအကြံပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး သဘာပတိက သုံးသပ်အတည်ပြုချက်များ ထုတ်နုတ်တင်ပြ၍ အမှာစကားပြောကြားခဲ့သည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၈-၂၀၁၁ (တနင်္ဂနွေနေ့)

[၁၃၇၃ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇:၂၀ ၂။ FIFA U-20 WORLD CUP 2011 COLOMBIA ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) (ဘရာဇီးအသင်းနှင့် ပေါ်တူဂီအသင်း)

၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၃၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၇၀) (ဇာတ်သိမ်းပိုင်း)**

၁၂:၃၀ ၅။ **မြန်မာရုပ်ရှင် "အကာကအချစ် အနှစ်ကမေတ္တာ" (ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ဆွေဇင်ထိုက်၊ ဒေါ်စိန်ခင်) (ဒါရိုက်တာ-ဦးသုခ)**

၂:၂၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၂:၂၅ ၇။ "စိမ်းမြခက်ဝေ" (မေစန္ဒီမောင်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများ) (ဒါရိုက်တာ-မျိုးအေး)

၂:၃၅ ၈။ ၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (အခြေခံပညာ ၅-၁၀ နှစ်) (မဟာဂီတ) (အမျိုးသား၊ အမျိုးသမီး)

၂:၅၀ ၉။ International News

၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရက္ခပူရယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း)

၅:၄၅ ၂။ တေးဂီတအစီအစဉ်

၆:၀၀ ၃။ ညနေခင်းသတင်း

၆:၁၅ ၄။ မိုးလေဝသအခြေအနေ

၆:၂၀ ၅။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၆)**

၆:၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ "မြင်းမိုရ်တောင်ထိပ်က လိမ့်ကျခဲ့သူ" (မိုးထက်ပိုင်၊ ပိုင်သိခ်၊ မေဟာသ်၊ ကောင်းမိုးယံ) (ဒါရိုက်တာ-မေတင်(MMG))

၇:၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၈)**

၈:၀၀ ၈။ ပြည်တွင်းသတင်း

၉။ နိုင်ငံတကာသတင်းများ

၁၀။ မိုးလေဝသအခြေအနေ

၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၄၂)**

၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသော ရုပ်သံလွှင့်မှူး" (အပိုင်း-၂)**

၁၃။ အစီအစဉ်ပြီး၏။

၂၀၁၁ ခုနှစ် မိုးရာသီ ဘိုးလင်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်က ကျင်းပသော ၂၀၁၁ ခုနှစ် မိုးရာသီ အလွတ်တန်း အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ဘိုးလင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ RIGHT TRACK BOWLING CENTRE ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးခင်မောင်အေး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ် ဦးဝင်းမောင်နှင့် ဘိုးလင်းအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ဘိုးလင်းဘောလုံးအား လှိမ့်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုပေးပွဲတို့ကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ဝန်ကြီးဌာနအသင်းများနှင့် ကလပ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည်။**(အောက်ပုံ)** (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် လုံခြုံရေးဆပ်ကော်မတီ၊ တည်းခိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ အဖွဲ့ဝင်များ၏ တွေ့ဆုံဆွေးနွေး သတင်းဖလှယ်ပွဲ **(အပေါ်ပုံ)**ကို ဩဂုတ် ၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် အားကစား ဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဆွေးနွေးမှာကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးက ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ဖတ်ကြားတင်ပြရာ ဒုတိယဝန်ကြီးက ဆပ်ကော်မတီတစ်ခုချင်းအလိုက် ဖြည့်စွက် ဆွေးနွေးသည်။

ယင်းနောက် ရဲမှူးချုပ်ဇော်ဝင်းက လုံခြုံရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်အချက်အလက်များကို ဆွေးနွေးတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြကာ ဦးဆောင်ကော်မတီအတွင်းရေးမှူး ဦးအေးမြင့်ကြူက ဆပ်ကော်မတီအလိုက် ယခုဆွေးနွေးချက်များအပြင် မည်သည့်အချက်အလက်များကိုမဆို သတင်းရယူဖော်ထုတ်၍ မိမိတို့ဆောင်ရွက်သင့်သည်များ စုစည်းစီမံသွားကြရန် ပြောကြားသည်။ (သတင်းစဉ်)

ဖိတ်ခေါ်တံခွန်စိုက်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

အားကစားဝန်ကြီးဌာနမှ Champion Challenge Cup Tournament 2011(CCC) ပြိုင်ပွဲများကို နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ ပိုက်ကျော်ခြင်း၊ ဘီလီယက်နှင့်စနူကာ၊ တင်းနစ်ပြိုင်ပွဲများကိုလည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ အလေးမ၊ စစ်တုရင်နှင့်လက်ဝှေ့ပြိုင်ပွဲများကိုလည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ရိုးရာလက်ဝှေ့၊ စက်ဘီးနှင့်ပြေးခုန်ပစ်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

✪ ကျောဖုံးမှ

စွဲစွဲလမ်းလမ်းဖြစ်ခဲ့ကြတဲ့ စကင်ဒီနေးဗီးယားတိုင်းပြည်တွေထဲမှာ နော်ဝေကတော့ ပြောစမှတ်ပါပဲ။ နော်ဝေလူမျိုး ကမ္ဘာလှည့်ခရီးသည် ၁၃ ယောက်မှာ တစ်ယောက်ဟာ ပရီမီယာလိဂ်ပရိသတ်အဖြစ်နဲ့ အင်္ဂလန်ကိုရောက်လာကြတာလို့ ဆိုပါတယ်။

ဘောလုံးဧည့်သည်တွေထဲမှာ ဒုတိယလိုက်သူတွေကတော့ အာရပ်စော်ဘွားများပြည်ထောင်စု (UAE)ကပါ။ ယူအေအီးပရိသတ်တွေကတော့ မန်ချက်စတာစီးတီးအသင်းနဲ့ ဆက်နွှယ်နေပါတယ်။ ကလပ်ပိုင်ရှင်က ယူအေအီးစော်ဘွား ရှိတ်မန်ဆာဖြစ်သလို စပွန်ဆာကလည်း အဘူဒါဘီအမျိုးသားလေကြောင်းလိုင်း Etihad ဖြစ်နေလို့ ကိုယ့်အသင်းကို လာကြည့်ကြတဲ့ သဘောပါပဲ။

ဇန်နဝါရီလကနေ မတ်လအထိဖြစ်တဲ့ ဘောလုံးရာသီတစ်ခုအတွင်းလာရောက်ကြတဲ့ ကမ္ဘာလှည့်ခရီးသည်တွေထဲမှာ ဘောလုံးပွဲကြည့်ဖို့သက်သက် ရည်ရွယ်ချက်နဲ့ ရောက်လာကြတဲ့ ပမာဏ အချိုးအစားကလည်း ကြီးမားလှတယ်လို့ သုတေသနပြုသူတွေက ပြောကြပါတယ်။ ဘောလုံးပွဲကြည့်သူတွေထဲမှာမှ ၄၀ ရာခိုင်နှုန်းဟာ ဘောလုံးပွဲကြည့်ဖို့ ရည်ရွယ်ချက်သက်သက်နဲ့ လာခဲ့ကြတာဖြစ်ပြီး ကျန်ရာခိုင်နှုန်းကတော့ ဆွေမျိုးတွေဆီကို အလည်လာရင်းဖြစ်စေ၊ စီးပွားရေးကိစ္စနဲ့လာရင်းဖြစ်စေ ဘောလုံးပွဲ ဝင်ကြည့်ကြတာဖြစ်ပါတယ်။ ဂျပန်၊ တရုတ်နဲ့ ဩစတြေးလျကဧည့်သည်တွေက ဆွေမျိုးတွေဆီလာရင်းဘောလုံးပွဲကြည့်ကြတာဖြစ်ပြီး နော်ဝေအများစုကတော့ စီးပွားရေးကိစ္စလာရင်းကြည့်ကြတာဖြစ်ပါတယ်။

အင်္ဂလန်ကိုလာကြတဲ့ နိုင်ငံခြားသားဘောလုံးပရိသတ်တွေ အကြိုက်ဆုံးဘောလုံးကွင်းကြီးတွေကတော့ မန်ယူရဲ့ အိုးထရက်ဖို့ဒ်၊ လီဗာပူးရဲ့ အန်ဖီးလ်နဲ့ အာဆင်နယ်ရဲ့ အမ်းမရိတ်တွေလို့ ဆိုပါတယ်။ ကမ္ဘာအရပ်ရပ်က ဒေသပေါင်း ၂၁၂ ခုမှာ ပရီမီယာလိဂ်ဘောလုံးပွဲတွေကို တိုက်ရိုက်ထုတ်လွှင့်နေပြီး ဗြိတိန်အမျိုးသားခရီးသွားအေဂျင်စီဖြစ်တဲ့ Visit Britain ကလည်း ဒီနှစ်အတွင်းမှာ ပရီမီယာလိဂ်ခရီးသွား မြှင့်တင်ရေးအစီအစဉ်တွေကို သူ့ရဲ့အင်တာနက်ဝက်ဘ်ဆိုက်ကနေ လွှင့်တင်သွားမယ်လို့ သိရပါတယ်။

Visit Britain ရဲ့ ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ပက်ထရစ်ရှာယိတ်စ်ကတော့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားတွေထဲက ဗြိတိန်ကိုလာပြီး ဘောလုံးကစားချင်သူတွေရှိနေရုံသာမက သူတို့နောက်ကလိုက်လာပြီး ပြိုင်ပွဲရဲ့အတွေ့အကြုံအရသာကို ကြည့်ရှုခံစားချင်ကြတဲ့ နိုင်ငံတကာကပရိသတ်တွေလည်း ဗြိတိန်ကို လာရောက်ကြတယ်လို့ ဆိုပါကြောင်း တင်ပြလိုက်ရပါတယ်။

ဇင်ထူး

ထိုင်းနိုင်ငံ၌ ပြိုင်ပွဲဝင်ရန် မြန်မာရွက်လှေအဖွဲ့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၀

ဩဂုတ်၂၀ ရက်မှ ၂၈ရက်အထိ ထိုင်းနိုင်ငံ HUA HIN ကမ်းခြေ၌ ကျင်းပမည့် HUA HIN REGATTA 2011 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံရွက်လှေအားကစားအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ယာပုံ)**

အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်း၊ လက်ရွေးစင်အားကစားသမားများအဖြစ် သီဟအောင်၊ ဇေယျာလှိုင်၊ (International 470) (M)Class အောင်သူရဖြိုး၊ ကျော်ကိုကိုခိုင် (International 420) (M) ခိုင်ဝါ၊ ဝေပွင့်ဝါးဘိုး (International 420) (W)နှင့် ကောင်းထက်မြတ်(Laser) Class တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဆိုပါအားကစားသမားများသည် ချောင်းသာ၊ ငွေဆောင်ပင်လယ်ပြင်၌ နှစ်နှစ်ကျော် စခန်းသွင်းလေ့ကျင့်ပေးထားသူများဖြစ်ကြသည်။

အသက်(၁၅)နှစ်အောက် Optimist Class ပြိုင်ပွဲအတွက် ရန်ကုန်ရွက်လှေအသင်း အားကစားသမားများအဖြစ် စုစိမ့်စိမ့်ဇံ၊ မေမြတ်သူ၊ နှင်းဝတီစိုး၊ ဆုရတနာ၊ မဟော်ဆွေဦး၊ ရဲချစ်ဦး၊ ဇေယျာထက်၊ သုခပြည့်စုံအောင်၊ သုတပြည့်စုံအောင်၊ နေလင်းသန့်၊ မင်းသော်ကောင်း၊ ငြိမ်းမြတ်ဟိန်းနှင့် ထက်လင်းအောင်တို့ ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နည်းပြများအဖြစ် ဦးစိုင်းပြည့်စုံဟိန်း (International 420/ 470)၊ ဦးအောင်မြင်သူ (Optimist)၊ဦးရန်မျိုးအောင် (Laser)တို့က တာဝန်ယူဆောင်ရွက်သွားကြမည်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့ချန်ပီယံ ဂျူဒိုပြိုင်ပွဲ အင်္ဂလန်ဂျူဒိုမယ် ရွှေတံဆိပ်မှန်း

လန်ဒန် ဩဂုတ် ၁၉

ကမ္ဘာ့ချန်ပီယံဂျူဒိုပြိုင်ပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဩဂုတ် ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပတော့မည်ဖြစ်ရာ အင်္ဂလန်လက်ရွေးစင်ဂျူဒိုမယ်ကရီနာဘရိုင်ယန့်သည် အဆိုပါပြိုင်ပွဲတွင် ရွှေတံဆိပ်ရရန်ချိန်ရွယ်လျက်ရှိနေပြီ ဖြစ်သည်ဟု လန်ဒန်မှလာသော သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိပြီဖြစ်သော ဘရိုင်ယန့်သည် အိုလံပစ်ပြိုင်ပွဲသုံးကြိမ်ယှဉ်ပြိုင်ခဲ့ပြီးဖြစ်ကာ ပြိုင်ပွဲအရပ်ရပ်တွင် ငွေတံဆိပ်ငါးကြိမ် ဆွတ်ခူးထားသူဖြစ်သည်။

"ကျွန်မ ရွှေဆုကိုဆွတ်ခူးဖို့ အမြဲမျှော်မှန်းခဲ့တာပါ၊ ဒါပေမယ့် ကံမကောင်းအကြောင်းမလှစွာဘဲ ကျွန်မရဲ့ပြိုင်ပွဲလမ်းကြောင်းပေါ်မှာ တစ်ယောက်ယောက်က ရှိနေခဲ့တာပါ" ဟု ဘရိုင်ယန့်ကဆိုသည်။

မိမိအနေဖြင့်ဤအခြေအနေမှရုန်းထွက်သွားမည်ဖြစ်ကြောင်း၊ နောက်တစ်ဆင့်အနေဖြင့် လာမည့်နှစ်တွင် ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲ၌ ဆုဆွတ်ခူးနိုင်ရန် ရည်မှန်းကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားသွားသည်။

ဘရိုင်ယန့်သည်(+၇၈ကီလိုတန်း)တွင် ယှဉ်ပြိုင်နေသူဖြစ်ပြီး ယမန်နှစ်က လည်ပင်းရိုးဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် အချိန်အတန်ကြာအနားယူခဲ့ရသည်။

အင်တာနက်။



အင်္ဂလန်လက်ရွေးစင်ဂျူဒိုမယ် ကရီနာဘရိုင်ယန့် ပြိုင်ဘက်အား ချုပ်ထားစဉ်။

သောမတ်စ်ဘာဒက်ရှ်နှင့် အက်ဒရီယာပက်ကိုဗစ်တို့ ဆီမီးတက် တင်းနစ်အကျော်အမော်နာဒယ်လ်နှင့် ဖက်ဒဲရားတို့ ပြိုင်ပွဲမှ ထွက်ရ

ဆင်ဆင်နတီ ဩဂုတ် ၂၀

ဆင်ဆင်နတီ တင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယမန်နေ့က ယှဉ်ပြိုင်ကစားကြရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် အက်ဒရီယာပက်ကိုဗစ် နိုင်ပွဲရခဲ့သကဲ့သို့ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် သောမတ်စ်ဘာဒက်ရှ်လည်း နိုင်ပွဲရရှိသွားပြီး တင်းနစ်အကျော်အမော်များဖြစ်သည့် ရာဖေးလ်နာဒယ်လ်နှင့် ရော်ဂျာဖက်ဒဲရားတို့ ရှုံးပွဲကြုံ၍ ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။

အမျိုးသားတစ်ဦးချင်းကွာတားဖိုင်နယ်ပွဲစဉ်များတွင် ဂျိုကိုဗစ်က မွန်ဖေးလ်စ်ကို ၃-၆၊ ၆-၄၊ ၆-၃ ဖြင့်လည်းကောင်း၊ သောမတ်စ်ဘာဒက်ရှ်က ရော်ဂျာဖက်ဒဲရားကို ၆-၂၊ ၇-၆ ဖြင့် လည်းကောင်း၊ အင်ဒီမာရေးက ဆိုင်မွန်ကို ၆-၃၊ ၆-၃ ဖြင့်လည်းကောင်း၊ ဖက်ရှ်က ရာဖေးလ်နာဒယ်လ်ကို ၆-၃၊ ၆-၄ ဖြင့် လည်းကောင်း အသီးသီး နိုင်ပွဲရရှိသွားသည်။

အမျိုးသမီးတစ်ဦးချင်းကွာတားဖိုင်နယ်ပွဲစဉ်များတွင် အက်ဒရီယာပက်ကိုဗစ်က ပက်ထရီဗာကို ၇-၅၊ ၆-၁ဖြင့်လည်းကောင်း၊ မာရီယာရှာရာပိုဗာက စတိုဆာကို ၆-၃၊ ၆-၂ဖြင့်လည်းကောင်း၊ ဇော့ဗ်နာရီဗာက ဟန်တူချိုဗာကို ၆-၃၊ ၇-၆ဖြင့်လည်းကောင်း အနိုင်ရကာ ယန်ကိုဗစ်၏ ပြိုင်ဘက်မှာ ပြိုင်ပွဲမှနုတ်ထွက်သွားသည်။

အမျိုးသားတစ်ဦးချင်းဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် အင်ဒီမာရေးနှင့် ဖက်ရှ်၊ ဂျိုကိုဗစ်နှင့် ဘာဒက်ရှ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အမျိုးသမီးတစ်ဦးချင်းဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် မာရီယာရှာရာပိုဗာနှင့် ဇော့ဗ်နာရီဗာ၊ အက်ဒရီယာပက်ကိုဗစ်နှင့် ယန်ကိုဗစ်တို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **အင်တာနက်။**

ဟန်သစ်

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော်　ဩဂုတ်　၂၀

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ရှိ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်း(၈)ရပ် ဆောင်ရွက်နိုင်မှု အခြေအနေများကို သက်ဆိုင်ရာ ဆပ်ကော်မတီ အလိုက် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများဖြစ်ကြသည့် ပြည်နယ်ဝန်ကြီးများနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်း(၈)ရပ်မှ ဆပ်ကော်မတီဥက္ကဋ္ဌ/ အတွင်းရေးမှူးများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ပြီးနောက် လုပ်ငန်း လိုအပ်ချက်များ၊ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းအစီအမံများကို မှာကြားသည်။ (သတင်းစဉ်)

နှမ်းဦးပေါ်၊ ဩဇာသီးဈေးကောင်းရ

ဇီးကုန်း　ဩဂုတ်　၂၀

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ၂၀၁၁ ခုနှစ် တောင်သူလယ်သမား ကြီးများ စိုက်ပျိုးကြသော ဆီထွက်သီးနှံ မိုးနှမ်းများပေါ်ပြီဖြစ်ရာ တစ်တင်းလျှင် ငွေကျပ် ၂၂၀၀၀ ဈေးဖြင့် နှမ်းကုန်သည်များမှ ဝယ်ယူလျက်ရှိကြပြီး တောင်ပံ့ ကောက်ကြီးစပါးဈေးသည် တင်း ၁၀၀ လျှင် ငွေကျပ် ၇၇၀၀၀၀ ဈေးဖြင့် စပါး ကုန်သည်များက ဝယ်ယူလျက်ရှိသည်။ သံပရာသီးဈေးမှာ လုံးချောအလုံး ၁၀၀ လျှင် ငွေကျပ် ၇၀၀၀ ဈေး၊ အလုံးလတ် ၁၀၀ လျှင် ငွေကျပ် ၄၀၀၀ ဈေးနှင့် ဩဇာသီး ပေါ်ဦးပေါ်ဖျား အလုံး ၁၀၀ လျှင် ငွေကျပ် ၁၀၀၀၀ ဈေးဖြင့် ပွဲစားများ က အိမ်တိုင်ရာရောက် လိုက်လံဝယ်ယူလျက်ရှိသည်။ (၂၈၉)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဟသ်ာတလမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်ငွေရင်(၃)နှစ်ပြည့်အား ရည်စူး၍ သား ဒေါက်တာသန်းထွန်းစိန်နှင့် သမီး ဒေါ်အေးမြင့်ဆွေ မောင်နှမတစ်စုတို့က ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်း အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ပန်းတနော်　ဩဂုတ်　၂၀

ပန်းတနော်မြို့နယ် မိုးရာသီ ရေစီး ရေလာကောင်းမွန်ရေးအတွက် အရှေ့ပိုင်း ရပ်ကွက် အင်ကြင်းလမ်းဘေး ရေမြောင်း ဖော်ခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများနှင့် အနောက်ပိုင်းရပ်ကွက် လူမှုရေးအသင်း အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် အရှေ့ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကို ကိုလွင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ (ကြေးမုံ)

ဩဂုတ် ၁၅ ရက်က သံလွင်မြစ် ရေကြီးမှုကြောင့် ကရင် ပြည် နယ် ဘားအံမြို့အမှတ် (၂)ရပ်ကွက် ရေဘေးဒု က္ခ သည် များ ရေလွတ်ရာ ပြည်တော်အေးစေတီ ဘုရားရင်ပြင်၌ အ ဆင် ပြေ စွာ နေ ထိုင် နိုင် ရေး အတွက် နေရာချ ထား သည် ကို တွေ့ရစဉ်။ (၂၈၀)

နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ပဲခူးမြစ်ရေလျှံမှုကြောင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အဝင်ရှိ လယ်ယာမြေများ ရေလွှမ်းမှုဖြစ်ပေါ်လျက်ရှိသည်ကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ (ကြေးမုံ)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မူးယစ်သောက်စားရာမှ လူသတ်မှုများဖြစ်ပွား

ရန်ကုန်　ဩဂုတ်　၂၀

ကော့သောင်းခရိုင် ခမောက်ကြီး မြို့နယ်ခွဲ ယုဇနဆီအုန်းကုမ္ပဏီလုပ်ကွက် ရှိ ဦးတင်ဦး၏တဲ၌ ဧပြီ ၁၃ ရက် ည ၈ နာရီတွင် အရက်သောက်ရာမှ စကား များရန်ဖြစ်ပြီး လူသတ်မှုဖြစ်ပွားခဲ့ သည်။

ဦးတင်ဦး၏ တဲ၌ ဖြိုးကိုကို၊ ဇော်မင်း ထွန်း၊ ဇော်မင်း၊ ကျော်သူတို့နှင့် အရက် အတူသောက်ရာမှ စကားများရန်ဖြစ် ကြရာ ဖြိုးကိုကို (၂၅)နှစ်မှာ ဓားဖြင့် ခုတ်သတ်ခံရခြင်း ဖြစ်သည်။

အမှုကို ကော့သောင်းခရိုင် တရားရုံး က လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှား သဖြင့် ခမောက်ကြီးမြို့နယ်ခွဲ ယုဇန ဆီအုန်းကုမ္ပဏီနေ ဇော်မင်းထွန်း (၃၃)နှစ်နှင့် ဇော်မင်း(၃၉)နှစ်တို့ နှစ်ဦး အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်စီ၊ ဥပဒေပုဒ်မ ၂၀၁ အရ အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်စီ၊ ပုဒ်မ ၄၀၄ အရ အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ်စီ ပြစ်ဒဏ် များကို ကျခံစေရန် ဇူလိုင် ၁၃ ရက် တွင် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အလားတူ ခမောက်ကြီးမြို့နယ်ခွဲ ယုဇနဆီအုန်းကုမ္ပဏီ ဖောသုတ်စိုက်ခင်း နေ ရန်နိုင်၊ ရဲဝင်းနှင့် နေမင်းထက်တို့ သည် မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် အရက်သောက်ရင်း စကားများရာမှ ရန်နိုင် အား ရဲဝင်းနှင့် နေမင်းထက်တို့က သတ်ဖြတ်မှုဖြစ်ပွားခဲ့သည်။

အမှုကို ကော့သောင်းခရိုင်တရားရုံး က လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှား သဖြင့် ယုဇနဆီအုန်းကုမ္ပဏီ ဖောသုတ် စိုက်ခင်းနေ ရဲဝင်း(၂၅)နှစ်နှင့် နေမင်း ထက် (၂၈) နှစ်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)အရ အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ်စီ ကျခံစေရန် ဇူလိုင် ၅ ရက်တွင် အမိန့်ချမှတ်ခဲ့ ကြောင်း သိရသည်။

မူးယစ်သောက်စားရာမှ လူသတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ ဆင်ခြင်ဖွယ်ဖြစ်ရပ် များ ဖြစ်ပေသည်။ (ဝင်းဝင်းမော်-သတင်းစဉ်)

ဆိုင်ကယ်ခိုးသူ သုံးဦးကို ခိုးရာပါဆိုင်ကယ်ရှစ်စီးဖြင့်မိ

ဝမ်းတွင်း　ဩဂုတ်　၂၀

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သဲတော (၁) ရပ်ကွက်နေ ကုန်သည်ဦးအောင်မျိုးဦး (၃၉)နှစ်သည် ဇူလိုင် ၄ ရက်က ခြံဝင်း အတွင်း ရပ်ထားသည့် မော်တော် ဆိုင်ကယ် ၁ယ/၉၄၉၉၁ ပျောက်ဆုံး၍ ဝမ်းတွင်းရဲစခန်းသို့ အမှုဖွင့်တိုင်ကြားရာ ရဲစခန်း(ပ) ၂၀၁/ ၂၀၁၁ ပုဒ်မ ၃၇၉(ဆ) ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ဆိုင်ကယ်ပျောက်ဆုံးမှုကို မိတ္ထီလာ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းသန်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နယ်မြေအတွင်း ကွင်းဆင်းစစ်ဆေးရာ လျှော်ပင်ကျေးရွာမှ ကုလား(ခ)နေမျိုး (၂၅)နှစ်သည် ဆိုင်ကယ်အမျိုးမျိုး စီးနေ ကြောင်း စုံစမ်းသိရှိ၍ ဇူလိုင် ၁၁ ရက်က နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

ကုလား(ခ)နေမျိုးအား စခန်းမှူး ရဲအုပ်လှထွန်း ဦးဆောင်၍ နယ်ထိန်း ခေါင်းဆောင် ဒု-ရဲအုပ်ဝင်းမြင့်နှင့် အဖွဲ့ က စစ်ဆေးခဲ့ရာ ကုလား(ခ)နေမျိုးက ကျောက်ဆည်မြို့မှ ဆိုင်ကယ်တစ်စီး၊ ကူမဲမြို့မှ ဆိုင်ကယ် နှစ်စီး၊ ယင်းမာပင် ကျေးရွာမှ ဆိုင်ကယ်နှစ်စီးနှင့် မိတ္ထီလာ မြို့မှ ဆိုင်ကယ်နှစ်စီး စုစုပေါင်း ဆိုင်ကယ် ခုနစ်စီး ခိုးယူခဲ့ကြောင်း ဖွင့်ဟဝန်ခံခဲ့သည်။ ဆိုင်ကယ်များကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး ကုလား (ခ)နေမျိုး ခိုးယူခဲ့သော ဆိုင်ကယ်များ ထဲမှ ကူမဲမြို့မှ ဆိုင်ကယ်တစ်စီး ပါဝင် ခဲ့သဖြင့် ကူမဲရဲစခန်းက ကုလား(ခ) နေမျိုးအား အမှုဖွင့်ပြီး ဒု-ရဲအုပ်ရဲစိုးက လက်ခံစစ်ဆေးလျက်ရှိသည်။

ဝမ်းတွင်း ရဲစခန်းမှူး ရဲအုပ်လှထွန်း နှင့် နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် ဝင်းမြင့်တို့က ဆိုင်ကယ်ခိုးယူသူများကို လိုက်လံစုံစမ်းရာမှ ဇူလိုင် ၂၁ ရက်က ဝမ်းတွင်း (၃)ရပ်ကွက်နေ စောထွန်းနှင့် သားဖြစ်သူ မျိုးထက်ဇော်တို့အား မသင်္ကာသဖြင့် စစ်ဆေးခဲ့ရာ ဦးအောင် မျိုးဦး၏ ဆိုင်ကယ်အား ခိုးယူပြီး ယင်းမာပင်မြို့နေ ဦးညီစိုးထံ ရောင်းစား ထားသဖြင့် နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်ဝင်းမြင့်တို့ အဖွဲ့က ဇူလိုင် ၂၃ ရက်တွင် သွားရောက်သိမ်းဆည်းခဲ့ပြီး ဝမ်းတွင်းမြို့နယ် တရားရုံးသို့ ဩဂုတ် ၄ ရက်က တရားစွဲတင်ပို့ခဲ့သည်။ (၁၁၁)

ဩဂုတ် ၃ ရက်က ပဲခူးတိုင်း ဒေသကြီး အင်းတကော် စံပြကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းမကြီး မိုင်တိုင်အမှတ် ၃၆/၅ နှင့် ၃၆/၆ ကြား၌ ကုန်တင်ဟီးနိုး ဆ/၆၄၇၂ ယာဉ်မှာ လမ်းချော်ပြီး လမ်းဘေး ထိုးကျစဉ်။ *[အခင်းဖြစ်နေရာ၌ တစ်ဦးသေဆုံးခဲ့ပြီး သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားသည်။]* (၅၈၇)

ရွှေဘို၌ စံချိန်မြင့် မိုးရွာသွန်း

ရွှေဘို　ဩဂုတ်　၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ တွင် ဩဂုတ် ၁၇ ရက် နံနက် ၅ နာရီ ခန့်ကစတင်ပြီး မိုးအဆက်မပြတ် ရွာသွန်းရာ မြို့ပေါ်ရှိ ရပ်ကွက် ၁၀ ရပ်ကွက်တွင် ရေများ လမ်းမများပေါ်သို့ လျှံတက်လာသည်။ ယခုရွာသွန်းသော မိုးသည် လွန်ခဲ့သော ၂၇ နှစ်အတွင်း အများဆုံး ရွာသွန်းခဲ့သောမိုးဟု ယူဆ နိုင်သည်။

ဤသို့ ရေလွှမ်းမိုးမှုများကြောင့် ရေနစ်မြုပ်ရပ်ကွက်အသီးသီးနှင့် သက္ကယ် တန်းချောင်းတို့သို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်သန်း၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကိုကို၊ ခရိုင် အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုပြီး သက္ကယ်တန်းချောင်း တစ်လျှောက် ရေလျှံနိုင်သည့်နေရာများတွင် သဲအိတ် များချခြင်း၊ လမ်းပေါ်သို့ မျောပါ လာသော ဗေဒါပင်များ ဆယ်ယူခြင်း၊ ရေအလျင်အမြန် လျှော့ပါးသွားစေ ရေးအတွက် ရေစီးရေလာကောင်းမွန် အောင်ဆောင်ရွက်ခြင်း စသည်တို့ကို ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက် ကြသည်။ ရေဘေးသင့်သော မိသားစု များအတွက် လိုအပ်ချက်များကို ကူညီ ပံ့ပိုးပေးပြီး နေ့စဉ်ထမင်းထုပ် ၁၅၇၀ ထုပ် တို့ကို ဝေငှခဲ့ကြသည်။ (၅၇၂)

မှုခင်းလျှော့နည်းကျဆင်းရေး ပညာပေးဟောပြော

ရန်ကုန်　ဩဂုတ်　၂၀

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော မှုခင်းလျှော့နည်းကျဆင်းရေး ပညာပေး ဟောပြောပွဲကို ဩဂုတ် ၆ ရက်တွင် ရွှေလင်ပန်းရပ်ကွက် အမှတ်(၉) အခြေခံ ပညာ အလယ်တန်းကျောင်း ခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူး သက်လွင်၊ စခန်းမှူး ရဲအုပ်လှအောင်နှင့် တာဝန်ရှိသူ များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး ထွန်းမင်းနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသက်လွင် **(အပေါ်ပုံ)**တို့က ပြစ်မှုလျှော့နည်း ကျဆင်းရေးအကြောင်း သိကောင်းစရာ များကို ပညာပေးဟောပြောကြသည်။ (၃၂၉)

မွန်ပြည်နယ်ဝန်ကြီးချုပ် မုဒုံမြို့ ကုသိုလ်ဖြစ်(အခမဲ့)ဆေးကုခန်း အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ပြည်နယ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးတို့သို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၀

ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် စီမံချက်ချ အကောင်အထည်ဖော်လျက်ရှိရာ ဆင်းရဲသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင်ပြေစေရေးနှင့် ကျန်းမာရေး ပူပင်သောကမရှိစေရေး ရည်ရွယ်၍ မွန်ပြည်နယ် မုဒုံမြို့ ကုသိုလ်ဖြစ် (အခမဲ့)ဆေးကုခန်းအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီတွင် မုဒုံမြို့ မော်သံလမ်းမကြီး မြို့(၄)ရပ်ကွက်ရှိ အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ရှေးဦးစွာ ဆေးကုခန်းအဆောက်အအုံသစ်ကို ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်သန်းနှင့် ကုသိုလ်ဖြစ်(အခမဲ့)ဆေးကုခန်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဆေးကုခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆေးကုခန်း အတွင်း ဆေးကုသမှု၊ ဆေးနှင့် ဆေး ပစ္စည်းများထားရှိမှုနှင့် ဆေးခန်းသို့ လာရောက်ပြသသူများအား လှည့်လည် ကြည့်ရှုအားပေးသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်း အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရွှေဟသာ်ခန်းမ၌ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင်များက ဆေးကုခန်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် ပြည်နယ်ဝန်ကြီးများက လက်ခံကြသည်။

အဆိုပါ မုဒုံမြို့ ကုသိုလ်ဖြစ်(အခမဲ့) ဆေးကုခန်းအတွက် အလှူရှင်များက စုစုပေါင်းငွေကျပ် သိန်း ၁၀၅၀ ကျော် ထည့်ဝင်လှူဒါန်းကြပြီး အရင်းမပျောက် မတည် ငွေပဒေသာပင် စိုက်ထူပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် သည် မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်း ပပျောက်ရေး စီမံချက်များ အကောင် အထည်ဖော်ဆောင်ရွက်နေမှု၊ ဗဟို စိုက်ပျိုးရေးခြံရှိ အထွက်တိုး မျိုးကောင်း မျိုးသန့် မိုးစပါးဧက ၂၀၀ ဖြစ်ထွန်း အောင်မြင်နေမှု၊ လယ်ယာကုန်ထုတ် အသင်းနှင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တောင်သူလယ်သမားများအား စိုက်ပျိုး စရိတ်ချေးငွေ ထုတ်ပေးထားရှိမှုတို့နှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ညနေ ၃ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် မွန် ပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေး(၁/၂၀၁၁)သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်း ကော်မတီများ၏ လုပ်ငန်းအလိုက် ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း ၍ ပြည်နယ်ဝန်ကြီးအဖွဲ့နှင့် ပေါင်းစပ် ညှိနှိုင်းဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

ကျောင်းကျန်းမာရေး ဆွေးနွေးဟောပြော

မန္တလေး ဩဂုတ် ၂၀

အာဟာရပြည့်လျှင် ရောဂါကင်း ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် မန္တလေး ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(က)မှ ဒေါက်တာ ဒေါ်သီတာဝင်းခေါင်းဆောင်သော ဆရာ၊ ဆရာမ ကိုးဦး၊ ကျောင်းသား၊ ကျောင်းသူ ၁၁၀ တို့လိုက်ပါ၍ ဩဂုတ် ၁၂ ရက် နံနက်က မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက် အမှတ်(၁၄) အခြေခံပညာမူလတန်းလွန် ကျောင်းသို့ ကွင်းဆင်း၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ကြရာ မူလတန်းကျောင်းသား၊ ကျောင်းသူ ၇၀၀ ကျော်အား ကျောင်းမြက်ခင်းပြင်၌ ကျန်းမာ ရေးဆိုင်ရာဘာသာရပ်အလိုက် ပညာပေးဟောပြောသည်။ **(ဓာတ်ပုံ)**

ထို့နောက် ကလေးငယ်များအား ကျန်းမာရေးအခြေအနေ စစ်ဆေးပေးခြင်း၊ ကျောင်းပတ်ဝန်းကျင်၊ စာသင်ခန်းအတွင်း အပြင်၊ ကျောင်းအိမ်သာများ၊ ကျောင်းဈေးဆိုင်များ၌ ရောင်းချ သော စားသောက်ကုန်ပစ္စည်းများ ကျန်းမာရေးနှင့် ကိုက်ညီ၊မညီ သန့်ရှင်းမှုအခြေအနေများကို ကွင်းဆင်းဆောင်ရွက်ကြသည်။ (၃၈၇)

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်

နေပြည်တော် ဩဂုတ် ၂၀

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန် ရာနှုန်း
၁	ကချင်ပြည်နယ်	၃၆	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၂	ကယားပြည်နယ်	၂၈	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၃	ကရင်ပြည်နယ်	၂၆	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၄	ချင်းပြည်နယ်	၂၀	၁၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၂	၂၃	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၄	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၇	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၁၁	မွန်ပြည်နယ်	၂၅	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၉	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၁	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၃	၁၈	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၂	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၄	၂၄	မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၉	၂၃	မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် ၂ ဒသမ ၄၀ လက်မ၊ နေပြည်တော်လယ်ဝေးတွင် ၁ ဒသမ ၉၃ လက်မ၊ ပုသိမ်ကြီးမြို့တွင် ၆ ဒသမ ၄၃ လက်မ၊ ရေးမြို့တွင် ၅ ဒသမ ၃၉ လက်မ၊ မန္တလေးမြို့တွင် ၅ ဒသမ ၁၆ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၈၈ လက်မ၊ ကျိုက်မရောမြို့တွင် ၄ ဒသမ ၃၆ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၂၃ လက်မနှင့် မြင်းမူမြို့တွင် ၁ ဒသမ ၉၃ လက်မတို့ ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

အခွန်ပညာပေးဆွေးနွေးပွဲ ပေါင်မြို့နယ်၌ ကျင်းပ

ပေါင် ဩဂုတ် ၂၀

မွန်ပြည်နယ် ပေါင်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူး၍ အခွန် ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက ပေါင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ် အောင်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး မွန်ပြည်နယ် ပြည်တွင်း အခွန်များဦးစီးဌာန ပြည်နယ်အခွန်ဦးစီး ဌာနမှူး ဦးတင်ထွန်းနိုင်က အခွန်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမော်ဝင်းက စားသောက်ကုန် ထုတ်လုပ်ရောင်းချသူ များအား အခွန်အမှတ်တံဆိပ် ကပ်နှိပ် ရောင်းချရေး သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများ၏ မေးမြန်းချက် များကို ပေါင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမော်ဝင်းက ပြန်လည်ဖြေကြားပြီး အခွန် ပညာပေးဆိုင်ရာ လက်ကမ်းစာစောင်များ ကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဗလငါးတန် ပွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၂၁) ထုတ်ဝေဖြန့်ချိ

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်း သုတေသနဦးစီးဌာနမှ မြန်မာသမိုင်း သုတေသနစာစောင် အမှတ်(၂၁)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေသည့် မြန်မာသမိုင်း သုတေသနစာစောင် အမှတ်(၂၁)တွင် စစ်တောင်းမြို့ဟောင်းမှ သမိုင်း အထောက်အထားများ (ဒေါက်တာ လှဲ့လှဲ့ဝင်း)၊ ပုဂံခေတ် ပိဋကတ်တိုက် များ(ကျောက်စာ၊ မင်စာ၊ အဝတ်စာများ) (ဒေါက်တာတိုးလှ)၊ ရေနံချောင်းမြို့နှင့် ပိဋကတ်ကျောက်စာရုံသမိုင်း (ဦးကျော် ဆွေဦးနှင့်အဖွဲ့) စသည်တို့ပါဝင်သည်။ မြန်မာသမိုင်း သုတေသနစာစောင်များ သည် သမိုင်းလေ့လာသူ၊ သမိုင်းပညာရပ်ကို ဝါသနာထုံသူ၊ သမိုင်းပညာဖြင့် မကင်း နိုင်သူများ၊ သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးနေသော ဆရာ၊ ဆရာမများနှင့် သမိုင်းကျောင်းသား၊ကျောင်းသူများအတွက် လက်ဝယ်ရယူထားရမည့် စာအုပ်ဖြစ် သည်။

၎င်းစာအုပ်ကို သမိုင်းသုတေသနဦးစီးဌာနမှဖြန့်ချိ၍ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်နှင့် နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ် (၃၅) တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ရန်ကုန်ရာဇဝင်သမိုင်းစာအုပ် ထွက်ရှိ

သတင်းစာဆရာ ဦးသိမ်းမောင်က မြန်မာ့အမြင်၊ မြန်မာ့အရေးဖြင့် ရှင်းရှင်း လင်းလင်း ရေးသားထားသည့် ရန်ကုန် ရာဇဝင်သမိုင်းစာအုပ် တတိယအကြိမ် ထွက်ရှိလာသည်။

စာအုပ်ကို ရန်ကုန်မြို့သက်တမ်းနှစ် ၂၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ရေးသားခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့ ဖြစ်ပေါ်လာပုံ၊ ရန်ကုန်မြို့တည်ရာ အကျယ်အဝန်း၊ ရန်ကုန်စစ်ပွဲ၊ ရန်ကုန် မြို့ရှိ အထင်ကရ နေရာများနှင့် မြန်မာ မင်းခေတ်၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ်များအတွင်း ဖြတ်သန်း လာခဲ့ရသော ရန်ကုန်မြို့ အခြေအနေ တို့ကို တင်ပြထားသည်။ အဆိုပါစာအုပ် ကို ပညာရွှေတောင်စာအုပ်တိုက် ပန်းဆိုးတန်းလမ်း ကျောက်တံတား မြို့နယ် ရန်ကုန်မြို့က တစ်အုပ်လျှင် ကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

တရားခွင် လက်တွေ့အသုံးချဥပဒေ သိကောင်းစရာများစာအုပ် ထုတ်ဝေ

စာရေးဆရာမောင်မောင်သောင်းမြင့် (တရားရေး)၏ တရားခွင် လက်တွေ့ အသုံးချဥပဒေအကြောင်း သိကောင်း စရာများ စာအုပ်ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ ၎င်းစာအုပ်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ၊ တရားမကျင့်ထုံးဥပဒေတို့မှ သိမှတ်ဖွယ်ရာ ဥပဒေပြဿနာများ၊ နိုင်ငံခြားသားနှင့် လက်ထပ်လိုမှု၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ စသည်ဖြင့် သိမှတ်ဖွယ်ရာ စုံလင်ပါသည်။

တစ်အုပ်လျှင် ရောင်းဈေး ငွေကျပ် ၁၀၀၀ ဖြစ်ပြီး နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁)(၅၂၉/၅၃၁)ကုန်သည်လမ်း စာပေ ဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၃၇၄ ၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်း အလက(၁)နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၈၀၃၄၇၉၉ နှင့် မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် အခြားစာအုပ် ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်သည်။

ခေတ်သစ်မြန်မာစာကြည့်တိုက်မှူးများ

ဦးမြင့်ကြိုင်စုစည်းတည်းဖြတ်သည့် ခေတ်သစ်မြန်မာ စာကြည့်တိုက်မှူးများ စာအုပ်တွင် စာကြည့်တိုက်မှူး ၂၈ ဦးတို့ ၏အကြောင်း ဆောင်းပါးစုတို့ကို မြန်မာ နိုင်ငံစာကြည့်တိုက်အသင်း မူပိုင်စာအုပ် တစ်အုပ်အဖြစ် ပုံနှိပ်ထုတ်ဝေထားခြင်း ဖြစ်သည်။

ခေတ်သစ်မြန်မာ စာကြည့်တိုက်မှူး များအမည်နှင့်အညီ စာကြည့်တိုက် ပညာ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာရ မြန်မာ စာကြည့်တိုက်ပညာရှင်များအကြောင်းကို မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း သတင်းလွှာကျောဖုံးပါစာကြည့်တိုက်မှူး များ စာမူစာသားအတိုင်း မပြုမပြင်ဘဲ ပါဝင်ဖော်ပြမှုခုနှစ်အတိုင်း စီစဉ် ထုတ်ဝေထားပါသည်။

နိုင်ငံတကာ သတင်းဂျာနယ်

ရဲတင့်၏ လူထုဆက်သွယ်ရေးမီဒီယာနှင့် နိုင်ငံရေး » **အဲမွန်ဒြာ၏** ကဘူးရှိ ဗြိတိသျှကောင်စီကို စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက် » **မောင်မောင်အေး၏** လူကုန်ကူးမှု ဒဏ်ရာ ဒဏ်ချက်များကို ကုစားသူ ပီယက်နမ်အမျိုးသမီး » **တေဇာလှိုင်၏** တူရကီသင်္ဘောအုပ်စုကို ဝင်စီးမှုအတွက် အစ္စရေးက မတောင်းပန်နိုင် » MMA **၏** အစ္စရေးက အနောက်ဘက်ကမ်း သိမ်းပိုက်နယ်မြေအတွင်း နေအိမ်များဆောက် » **ဇင်ထူး၏** ခြံစည်းရိုးကြက်ဆူ လောင်စာဆီဖြင့် မောင်းသည့် ဂျက်လေယာဉ် » **ဒေါက်တာခင်မောင်ညို၏** တစ်ခါတုန်းက တက္ကသိုလ်မှာ » **လွန်းထိန်လင်း၏** ဦးနှောက်ကလာပ်စည်းများကို စားပစ်သော အမီဘားပိုး » **တိုးသာ၏** မြေရှားသော ဥရောပသားများကြောင့် ပါရာဂွေးသစ်တောများ စိုးရိမ်ဖွယ်ရာ » တယ်လ်အဗစ်မြို့လယ်၌ ပေါ်လာသည့် ရွက်ဖျင်တဲများ » အမေရိကန် စစ်တပ်၏ မှောင်ရိပ်ခိုတပ်ဖွဲ့ » သက်ရှည်ကျန်းမာရန် နေ့စဉ် ၁၅ မိနစ် လှုပ်ရှားပေးပါ » ကမ္ဘာ့အကြီးဆုံးမြို့တော် ၁၀ » တက္ကဆက်ပြည်နယ်၌ အသက် ၅၀၀ ရှိ သွေးစုပ်ဖုတ်ကောင်ဟုဆိုသူအမေရိကန်လူငယ်အား ဖမ်းဆီး ... စသည့် စသည့် မဖတ်မဖြစ် ဖတ်ရမည့် နိုင်ငံတကာသတင်းများ၊ နိုင်ငံတကာ ဆောင်းပါးများ၊ နိုင်ငံတကာသုံးသပ်ချက်များ၊ ပြည်တွင်းသတင်းထွေလာနှင့် နိုင်ငံတကာအားကစားများပါမကျန် ပြည့်ပြည့်စုံစုံဖတ်ရှုရမည်။

ထွက်ပြီ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မျိုးထွန်းသာ[၁၂/ကတတ(နိုင်)၀၂၈၇၀၆]၊ မအေးအေးတင့် [၁၂/လမတ(နိုင်) ၀၁၂၄၆၄]၊ မအိမြတ်ဖြူစင်၏ မွေးစာရင်းနှင့် အိမ်ထောင်စုစာရင်းတို့မှာ ၁၉-၈-၂၀၁၁ရက်တွင် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

ဖုန်း-၀၉-၅၁၁၈၆၇၈၊ ၀၁-၂၁၀၃၇၆

YSP

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မော်လမိုလ်လွလ္လာ(ခ) မျိုးမင်းထွန်း၏ MGK-093349 နှင့် အရေးကြီးစနစ်ဘွဲ့လက်မှတ်နှင့် စာချုပ်စာတမ်းများ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၂၇၉၃၄၁**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများအသင်းကကြီးမှူး၍ ဆရာကြီးဒေါက်တာအောင်ထွန်းသက်၏"Enhancing Service Quality in the Hospitality Industry" Seminarသို့ တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်-၂၁-၈-၂၀၁၁ရက်(တနင်္ဂနွေနေ့)

အချိန်-မွန်းလွဲ ၂နာရီ

နေရာ-ယုဇနဂါးဒင်းဟိုတယ်

Air-Con

အဟောင်း၊ အပျက်များဈေးကောင်းပေးဝယ်သည်။

ကိုမောင်မောင်တင်

ဖုန်း-၀၉-၅၀၈၅၈၅၀

၀၉-၇၃၀၉၅၉၅၀

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

TOYOTA ALPHARD 2007 MODEL အိမ်စီးကားသန့်၊ ပစ္စည်းစုံညာမောင်း၊ အနက်ရောင်

ဆက်သွယ်ရန်

ဖုန်း-၀၉-၅၅၁၁၃၆၆

Aphrodite

Tokiwa

Fax

(Home & Living) အတွက်

သင့်အတွက် Welcome Doorgift, Amazing Discounts

and Living Square Member ဖြစ်နိုင်ရန် အခွင့်အရေးများ ...

Opening Ceremony

Date : 20.8.2011 & 21.8.2011 (sat.sun)

Time : 11:00am (onwards)

Place : Room (4008), Taw Win Centre, Level (3), Pyay Road, Dagon Township

ဩဂုတ် ၉ ရက်က သန်လျင်မြို့နယ် အလွှမ်းဆွတ်ကျေးရွာ၌ တောင်သူနှင့် ဆည်မြောင်းဦးစီးဌာနတို့ အကျိုးတူ သီပွံနည်းကျ စိုက်ပျိုးထားသော ရတနာတိုး ၁၀ ဧကစိုက်ခင်းကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးစဉ်။

(၅၂၇)

အမည်ပြောင်းခြင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ လယ်ပြင်ရပ်ကွက်၊ အဖဦးသက်နိုင်၏သား မောင်ထက်မြတ်မောင်အား မောင်ထက်သူအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်သူအောင်**

နိုင်ငံခြားDuplex Board 250/270/300/350/400g

များကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီ/လက်ကား ရောင်းချပေးနေပါပြီ။

ဖုန်း-၃၇၆၅၀၇၊ ၀၉ ၅၀ ၁၈၁၅၆

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)၏ နိုင်ငံတော်မှ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများအား ချီးကျူးဂုဏ်ပြုပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် (၂၇)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ်(၂၁/၄၃-စီ) ကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဗဟန်းမြို့နယ်ရှိ ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၆၀၀၁၂၃၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဘအေး ဖုန်း-၀၉-၅၀၁၆၆၁၃၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေး ဖုန်း-၀၉-၈၀၂၀၅၀၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁၅၀၁၀၀၊ အသင်းတိုက် ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၂၀

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ရက် မွန်းလွဲ၁နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း(ပြည်စံအောင်)၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ချိုသန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၅ဦး တက်ရောက်ကြပြီး နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ စည်းကမ်း ထိန်းသိမ်းရေးတပ်ခွဲ(၂)မှ ရဲအုပ် ခင်မောင်ရွှေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပြီး ဇာတ်လမ်းတိုများကို ပရိုဂျက်တာဖြင့် ရှင်းပြခဲ့သည်။ (သတင်းစဉ်)

ပညာပေးဟောပြော

ဇူလိုင် ၂၅ရက်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို လားရှိုးခရိုင် သိန်းနီမြို့နယ် နမ့်စလပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးယဉ်မောင်ဆွေ ပညာပေးဟောပြော ဆွေးနွေးစဉ်။

(မြို့နယ်ပြန်/ဆက်)

SSA (ရှက်ဆစ်)အဖွဲ့က လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ် ကာလိမြို့နယ်ခွဲ၌ အပြစ်မဲ့ပြည်သူနှစ်ဦးသေဆုံး

နေပြည်တော်　　ဩဂုတ်　　၂၀

SSA (ရှက်ဆစ်)အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကာလိမြို့နယ်ခွဲ၌ အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

SSA (ရှက်ဆစ်)အဖွဲ့က ကာလိမြို့နယ်ခွဲရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲခန့်တွင်လည်းကောင်း၊ ရပ်ကွက်(၆)ရှိ နေအိမ်တစ်လုံးအား ည ၈ နာရီခန့်တွင်လည်းကောင်း လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ဝင်ရောက်ပစ်ခတ်စဉ် ဝန်ထမ်းများ ထိခိုက်မှုမရှိဘဲ ရုံး၏အဝင်တံခါးနှင့် နံရံများကိုသာ ထိမှန်ခဲ့ကြောင်း၊ ရပ်ကွက် (၆)သို့ ဝင်ရောက်ပစ်ခတ်ရာ၌ ဦးကျော်ခိုင်(ဘ)ဦးအောင်သန်း အသက်(၄၂)နှစ်နှင့် မောင်ထွန်းလှိုင်(ဘ) ဦးအဂ္ဂ အသက်(၂၁)နှစ်တို့ နှစ်ဦး လက်နက်ငယ်များ ထိမှန်သေဆုံးသွားခဲ့ကြောင်း၊ SSA (ရှက်ဆစ်)အဖွဲ့သည် ရှမ်းပြည်နယ် ကောင်းစားရေး အတွက်ဟု ကြွေးကြော်နေသော်လည်း ယခုကဲ့သို့ ဝင်ရောက်ပစ်ခတ်ခြင်း၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ဓားပြတိုက်ခြင်း စသည့် အကြမ်းဖက်အဖျက်လုပ်ရပ်များကိုသာ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိသည့်အတွက် ဒေသခံပြည်သူများက ဒေသငြိမ်းချမ်းရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို လိုလားတောင့်တလျက်ရှိကြသည်။　　(သတင်းစဉ်)

သောင်းကျန်းသူများထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ချင်းရွှေဟော်မြို့နယ်ခွဲရှိ နမ့်တိန်ချောင်းကူးညီနောင်တံတား ချို့ယွင်းပျက်စီး

နေပြည်တော်　　ဩဂုတ်　　၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့နယ်ခွဲရှိ နမ့်တိန်ချောင်းကူးညီနောင်တံတားသည် ယနေ့ နံနက်ပိုင်းတွင် သောင်းကျန်းသူများ၏ မိုင်းပေါက်ကွဲမှုကြောင့် ချို့ယွင်းပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

ချင်းရွှေဟော်-နမ့်တစ်ကားလမ်းပေါ်ရှိ ပေ ၃၃၀ အရှည် သံကူကွန်ကရစ်တံတား အမျိုးအစား နမ့်တိန်ချောင်းကူးညီနောင်တံတားသည် နံနက် ၂ နာရီခန့်တွင် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် နမ့်တစ်ဘက်ခြမ်း၌ တံတားမုခ်ဦးအပါအဝင် ၇၅ ပေခန့် ကျိုးပဲ့ပျက်စီးပြီး တံတားအခန်း တစ်ခန်းပြိုကျသွားခဲ့ကြောင်း၊ ၎င်းမိုင်းမှာ သောင်းကျန်းသူများက လိုအပ်သည့်အချိန် ဖောက်ခွဲဖျက်ဆီးရန် ကြိုတင်ထောင်ထားသည့် မိုင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှု၊ မိုးကြိုးပစ်မှုတို့ကြောင့် လျှပ်စီးဝင်ပြီး ပေါက်ကွဲသွားခြင်း ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ယင်းတံတားသည် ကိုးကန့်ဒေသနှင့် “ဝ” ဒေသတို့ဆက်သွယ်ရန် သီးသန့်တည်ဆောက်ထားသော တံတားတစ်စင်းဖြစ်ကြောင်း၊ သို့သော် ၎င်းတံတား၏ အောက်ဘက်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည် ဆောက်ထားသည့် ကွမ်းလုံ(နမ့်ဟူး)-ဟိုပန်သွား နမ့်တိန်တံတားတစ်စင်းတည်ရှိသဖြင့် ဟိုပန်ဒေသသို့ ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်မှုမရှိခဲ့ကြောင်း သိရှိရသည်။　　(သတင်းစဉ်)

အားကစား

ကင်ကလစ္စတား ယူအက်စ်အိုးပင်း လွဲချော်မည်

နယူးယောက်　ဩဂုတ်　၂၀

ဂရင်းဆလင်းပြိုင်ပွဲများ၏ နောက်ဆုံးပြိုင်ပွဲဖြစ်သည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် သုံးကြိမ်ချန်ပီယံ (၂၀၀၅၊ ၂၀၀၉၊ ၂၀၁၀) ဖြစ်ထားသည့် ဘယ်လ်ဂျီယံတင်းနစ်မယ် ကင်ကလစ္စတား **(အောက်ပုံ)** သည် ဝမ်းဗိုက် ကြွက်သားဒဏ်ရာကြောင့် လာမည့်ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ကျင်းပမည့် ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲကို လွဲချော်ရတော့မည်ဖြစ်သည်။

အသက် (၂၈)နှစ်ရှိ ကင်ကလစ္စတားသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် ပြီးခဲ့သည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကိုလည်း လွဲချော်ခဲ့ရသေးသည်။ ကင်ကလစ္စတားသည် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၂၀၀၅ ခုနှစ်က မေရီပီယာစီကို ၆-၃၊ ၆-၁၊ ၂၀၀၉ ခုနှစ်တွင် ကာရိုလိုင်းဝေါ့ဇနက်ကီကို ၇-၅၊ ၆-၃နှင့် ၂၀၁၀ ခုနှစ်တွင် ဗီရာဇော့ဗ်နာရီဗာကို ၆-၂၊ ၆-၁တို့ဖြင့် အသီးသီးအနိုင်ရကာ ချန်ပီယံဖြစ်ခဲ့သည်။

“ကံဆိုးချင်တော့ ကျွန်မ ယူအက်စ်အိုးပင်းချန်ပီယံဆုကို ကာကွယ်ခွင့် မရတော့ပါဘူး။ ဒဏ်ရာက နှစ်ပတ်လောက်အနားယူရင်တောင် လုံလောက်မယ်မထင်ပါဘူး။ဒီအတွက် ကျွန်မ အရမ်းကို စိတ်ပျက်နေမိပါတယ်” ဟု ကင်ကလစ္စတားက မီဒီယာများသို့ပြောကြားသည်။

အင်တာနက်။

ပရီမီယာလိဂ် ပွဲစဉ်(၂)ရလဒ်များ

ဆန်းဒါးလန်း	၀-၁	နယူးကာဆယ်
အာဆင်နယ်	၀-၂	လီဗာပူး
ဗီလာ	၃-၁	ဘလက်ဘန်း
အဲဗာတန်	၀-၁	ကျူပီအာ
ဆွမ်ဆီး	၀-၀	ဝီဂန်

ပရီမီယာလိဂ် ဧည့်သည်ပရိသတ်များကြောင့် ဗြိတိန်စီးပွားရေးကို အထောက်အကူပြုနေ

အင်္ဂလိပ်ပရီမီယာလိဂ်ရဲ့ မက်လုံးပေးဆွဲဆောင်မှုတွေဟာ ကမ္ဘာပေါ်က ဘောလုံးအကျော်အမော် ငွေကြယ်ပွင့်တွေကို အင်္ဂလန်မြေမှာလာပြီး ဘောလုံးကစားကြအောင် ဖြားယောင်းသိမ်းသွင်းနိုင်သလို သူတို့တစ်တွေ ကစားကြပုံကို ကိုယ်တွေ့မျက်မြင် ကြည့်ရှုလိုကြတဲ့ မြောက်မြားလှစွာသော ပရိသတ်တွေကိုလည်း အင်္ဂလန်မြေကို လာရောက်ကြဖို့ သွေးဆောင်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

အမျိုးသားခရီးသွားအေဂျင်စီဖြစ်တဲ့ Visit Britain ရဲ့ စာရင်းဇယားများအရ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီမှာ ကမ္ဘာအရပ်ရပ်က ဘောလုံးပရိသတ် ၇၅၀၀၀၀ ကျော်တို့ အင်္ဂလန်က ဘောလုံးပွဲတွေကို ကြည့်ဖို့ သွားရောက်ခဲ့ကြတယ်လို့လည်း သိရပါတယ်။ အဲဒီဘောလုံးပရိသတ်တွေ အင်္ဂလန်မှာ သုံးခဲ့ကြတဲ့ စတာလင်ပေါင် ၅၉၅ သန်းဟာလည်း ဗြိတိန်ရဲ့ စီးပွားရေးကို မြှင့်တင်တဲ့ လုပ်ငန်းစဉ်ကြီးထဲမှာ အထောက်အကူတစ်ခု ဖြစ်ခဲ့ပါတယ်။

အင်္ဂလိပ်ဘောလုံးပွဲတွေကို ကာလကြာရှည် ကတည်းက

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✪

ပရိသတ်များ စိတ်ဝင်စားနှစ်ခြိုက်ကြသည့် အာဆင်နယ်၏ အမ်းမရိတ်ကွင်း (အပေါ်ပုံ) **နှင့် မန်ချက်စတာစီးတီးအသင်း၏ ကစားပွဲကို လာရောက်အားပေးကြသည့် ဧည့်သည်များ။** (ဝဲပုံ)

ဒဏ်ရာကြောင့် သူတို့နားရမည်

လန်ဒန်　ဩဂုတ်　၂၀

ပြိုင်ဆိုင်မှု ပြင်းထန်သည့် ပရီမီယာလိဂ် ဘောလုံးလောကတွင် ကစားသမားများ ဒဏ်ရာပြဿနာ မကြာခဏ ကြုံတွေ့နေရသည်။ ယခုလည်း မန်ယူနောက်ခံလူ ဗီဒစ် ခြေသလုံးကြွက်သားဒဏ်ရာ ရထားသကဲ့သို့ ချယ်လ်ဆီး ဂိုးသမား ပီတာချက်ချ်သည်လည်း ဒူးဒဏ်ရာရထားသည်။

မန်ယူ အသင်းခေါင်းဆောင် ဗီဒစ်သည် ပွဲစဉ်(၁) ဝက်စ်ဘရွန်းနှင့် ပွဲတွင် ခြေသလုံးကြွက်သား ဒဏ်ရာရရှိခဲ့၍ ငါးပတ်ခန့် အနားယူရတော့မည်ဖြစ်သည်။ ထို့အတူ ချယ်လ်ဆီးအသင်း၏ အဓိက အားထားရသော ဂိုးသမား ပီတာချက်ချ်သည်လည်း လေ့ကျင့်ရေးကွင်းတွင် ဒူးဒဏ်ရာရခဲ့၍ လေးပတ်ခန့် နားရတော့မည်ဖြစ်သည်။***အင်တာနက်။***



မန်ယူနောက်ခံလူ ဗီဒစ်။

ရေဝတီနှင့် သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟသ်ာတမြို့တွင် ၁၃၅၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၆ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၁၇၁ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၁ စင်တီမီတာ (သုည ဒသမ ၄ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၆၀ စင်တီမီတာ အောက်သို့ ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၈၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၆ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

(သတင်းစဉ်)

စစ်တောင်းမြစ်ရေ အခြေအနေ

နေပြည်တော်　　ဩဂုတ်　　၂၀

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၉၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)